# မြဝတီ
နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၁)၊ အမှတ်(၃၅၀)

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ **စာမျက်နှာ ၅ ကော်လံ ၁** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

## နွေကာလတွင်ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

စာ - ၇ သို့

## မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

စာ - ၃ သို့




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဧပြီ ၂ ရက်)

# စိတ်ဓာတ်စစ်ဆင် အောင်ပွဲဝင်

၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၇)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကျင်းပခဲ့ပါသည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် မြန်မာ့တပ်မတော်၏လက်ရုံးတစ်ခုဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ခရီးသည် ယနေ့ဆိုလျှင် (၇၇) နှစ် တိုင်ခဲ့ပြီဖြစ်သည်။ ရှည်လျားသည့်သမိုင်းခရီးတစ်လျှောက် တပ်ဖွဲ့ဝင်များ၏မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် တပ်မတော်ကပေးအပ်လာသည့်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်လျက်ရှိသည်။

နိုင်ငံတိုင်းတွင် တိုင်းပြည်ကာကွယ်ရေးအတွက် တပ်မတော်တစ်ရပ်ဖွဲ့စည်းတည်ဆောက်ထားရှိကြသည်။ မြန်မာ့တပ်မတော်သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့်တပ်မတော်ဖြစ်သည်။ တပ်မတော်သားတိုင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအား စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်အတွက် တိုက်ပွဲဝင်လိုစိတ်၊ ယုံကြည်ချက်၊ ခံယူချက်မြင့်မားခိုင်မာလာနေစေရန်၊ တပ်မတော်နှင့်ပြည်သူတစ်သားတည်းရှိနေစေရန်နှင့် ရန်သူ၏ခံယူချက်စိတ်၊ ယုံကြည်ချက်စိတ်များပျက်သုဉ်းစေရန်အတွက် စတုတ္ထဂ်(စတုတ္ထစစ်လက်ရုံး) စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များအား ဖွဲ့စည်းကြရသည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် စတုတ္ထစစ်လက်ရုံးဖြစ်သည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကျေပွန်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့်အသိပညာများနှင့် တတ်ကျွမ်းရမည့် အတတ်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သည်။ တပ်မတော်နှင့်ပြည်သူတစ်သားတည်းရှိစေရေးအတွက် မီဒီယာဖြင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများကိုမြှင့်တင်ခဲ့ရာ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ တပ်မတော်အသံလွှင့်တပ်၊ ပုံနှိပ်မီဒီယာများအဖြစ် မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်နှင့်ရတနာပုံသတင်းစာတိုက်တို့ကိုဖွင့်လှစ်၍ အားဖြည့်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများအနေဖြင့်လည်း တပ်မတော်သားများ၊ မိသားစုဝင်များ၊ ဒေသခံပြည်သူများစိတ်နှလုံးပျော်ရွှင်ချမ်းမြေ့စေရန်အတွက် ဖျော်ဖြေရေးလုပ်ငန်းများကိုစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရသည့် တပ်မတော်သားများဖြစ်သည်နှင့်အညီ နေ့စဉ်ရက်ဆက် တပ်မတော်သားများနှင့်ပြည်သူများအတွက် ရည်မှန်းချက်များအားအကောင်အထည်ဖော်ရာတွင် အမျိုးမျိုးသောစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားကာ တာဝန်များကိုကျေပွန်စွာဆောင်ရွက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းများလည်းရှိခဲ့သည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်နေကြသူအရာရှိ/စစ်သည်အဆင့်အတန်းအားလုံးသည် မိမိတို့၏ကိုယ်စီတာဝန်များကို ယုံကြည်ချက်၊ ခံယူချက်ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်နေကြသူများဖြစ်ကြသည်။ စိတ်ဓာတ်စစ်ဆင်ရေးသဘောတရားကို ကျွမ်းကျင်ပိုင်နိုင်စွာနားလည်ကြပြီး ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်တတ်သူများဖြစ်သည်။ ဗဟုသုတပြည့်စုံကြွယ်ဝစေရေး ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာကြရသည်။ သို့မှသာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့်အတိုင်း မိမိတို့နှင့်သက်ဆိုင်ရာပညာရပ်များကို အစဉ်တိုးတက်မြင့်မားစေရန် လေ့လာလေ့ကျင့်ပြီး လက်တွေ့အသုံးပြုနေကြရသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများသာမက ပြန်ကြားရေးလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမီဒီယာများနှင့် ထိတွေ့ဆက်ဆံပြီး တပ်မတော်၏ဆောင်ရွက်ချက်များကိုရှင်းလင်းပြသသည်။ အထူးသဖြင့်တပ်မတော်နှင့်ပတ်သက်သည့်သတင်းမှန်များကို အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ဖော်ပြပေးလျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်သန္ဓေတည်၍ပညာရေးဌာနစုအဖြစ်မှစတင်ဖြတ်သန်းလာခဲ့ရာ ပညာရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ ပြည်သူ့ဆက်ဆံရေး၊ စည်းရုံးရေးကဏ္ဍများကို ထွန်းထွန်းပေါက်ပေါက်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော်သည် ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်၏အမျိုးသားရေးတာဝန်များအား ဦးလည်မသုန်တာဝန်ထမ်းဆောင်နေသကဲ့သို့ တပ်မတော်၏အစိတ်အပိုင်းတစ်ခုအဖြစ် စတုတ္ထမဏ္ဍိုင်တာဝန်ထမ်းဆောင်လျက်ရှိသော ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည်လည်း နောင်နှစ်ပေါင်းမြောက်မြားစွာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးပိုမိုသယ်ပိုးဆောင်ရွက်အောင်မြင်ပါစေကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ကာလိ၊ လူမှုရေး

# အန္တရာယ်ကင်းပရိတ်တရားတော်နာနှင့် ရုံးဆိုင်းဘုတ်တင်ပွဲကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ မူလအမည်ဖြစ်သည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအမည်သို့ ပြောင်းလဲပြင်ဆင်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနားကို ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများစုပေါင်းကာ ဧပြီလ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးများအား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများက ဆွမ်းနှင့် ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကာလိမြို့ ငွေတောင်ဦးသီရိမင်္ဂလာကျောင်းတိုက်ဆရာတော် ဉူးဝိစိတ္တက "မင်္ဂလာ" တရားတော်ကိုဟောကြားရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့် မိသားစုများ၊ ဖိတ်ကြားထားသောဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တရားတော်များနာယူကြကာ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**ထင်ထင်(ကာလိ၊ ပြန်/ဆက်)**

## ကျောက်တံခါး၊ ဒေသဖွံ့ဖြိုးရေး

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်လည်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေနှင့် ကျေးရွာပြည်သူများမှထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုတာဝန်ရှိသူများက ဧပြီလ ၁ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုးအိဖြူနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်လည်ရိုးကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းအရှည်ပေ ၃၀၀၀ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသောရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသည့် ကျေးရွာတွင်းမီးလိုင်းများနှင့် ရေသန့်စင်စက်အားအကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားသည်။

ကျောက်တံခါးမြို့နယ် ကုန်လည်ရိုးကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှသုံးစွဲခွင့်ရှိသောငွေကျပ် ၂၂၄ ဒသမ ၀၂၁၃ သိန်း၊ ကျေးရွာပြည်သူများမှ လူထုထည့်ဝင်ငွေကျပ် ၁၁၂ ဒသမ ၆၅ သိန်း စုစုပေါင်းငွေကျပ် ၃၃၆ ဒသမ ၆၇၁၃ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီလ စတုတ္ထပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ကိုညို(ကျေးလက်)**

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၂-၄-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Request Song |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော်  ဧပြီ  ၁

# မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ အစည်းအဝေးကျင်းပ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစည်းအဝေးတွင် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့်အခြေအနေများကိုလည်းကောင်း၊ ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့်ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မွန်တိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁ / ၂၀၂၄ )**
၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

**မွန်တိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရာဇဓိရာဇ်လမ်း၊ ရတနာဒီပရပ်ကွက်၊ အမှတ် (၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်တိုးတက်ရေးပါတီ**ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်တိုးတက်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၄၈) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်နေ့မှ နှောင်းတန်ခူးလဆန်း ၈ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်း စသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့ပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့်ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန်ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့်ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့် အပြုအမူများရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

ရန်ကုန်  ဧပြီ  ၁

# စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း(SMVTI)ကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က ရန်ကုန်မြို့ရှိစင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်း(SMVTI)သို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်အထောက်အကူပြုနိုင်မည့် သက်မွေးပညာရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် မြန်ဆန်စွာ အကျိုးပြုမည့်သင်တန်းများကို ဖွင့်လှစ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ ယင်းသို့ဆောင်ရွက်ရာတွင် အရည်အသွေးစံနှုန်းများနှင့်အညီ လက်တွေ့လုပ်ငန်းခွင်၌ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချနိုင်ရေးလေ့ကျင့်သင်ကြားပေးရန်၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းပညာလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန်၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ကျောင်းသားများကို ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရေး အလေးထားပျိုးထောင်သွားရန်လိုအပ်ကြောင်း** တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စုဝေးခန်းမအတွင်း ကျောင်းသားများ ရေးဖြေစာမေးပွဲဖြေဆိုရန်ပြင်ဆင်ထားရှိမှု၊ အင်ဂျင်နီယာဘာသာရပ်ဌာနများရှိ အလုပ်ရုံများတွင် ကျောင်းသားများ လက်တွေ့သင်ခန်းစာများဖြေဆိုရန် ပြင်ဆင်ထားရှိမှု၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ်သင်တန်းများတွင် ပြည်ပထုတ်ပစ္စည်းများအစား ပြည်တွင်းထုတ်ပစ္စည်းများဖြင့်အသုံးပြုကာ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **ပြည်တွင်းမှ ဒေသအလိုက်တန်ဖိုးမြှင့်ထုတ်ကုန်ကဏ္ဍအားပေးမြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းစဉ်များအတိုင်း ကြိုးပမ်းဆောင်ရွက်ရန်**နှင့် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကိုကြည့်ရှုစစ်ဆေးကာ ခေတ်မီစာကြည့်တိုက်ဖြစ်စေရေး ဖြည့်ဆည်းဆောင်ရွက်ရန်၊ ဆရာနှင့် ကျောင်းသားများ စာကြည့်တိုက်အသုံးပြုမှုမြှင့်တင်ဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းဥပဓိရုပ်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေးဆောင်ရွက်ထားရှိမှု၊ အားကစားကွင်းနှင့် အားကစားပစ္စည်းများဖြည့်ဆည်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။**(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄ ̊ C | / | ၃၈ ̊ C |
| ရန်ကုန် | ၂၂ ̊ C | / | ၄၀ ̊ C |
| မန္တလေး | ၂၃ ̊ C | / | ၄၁ ̊ C |

**လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

# အောင်ရဲ့အောင်

ခင်ဆွေဦး

**"ချုပ်ထားသော လူတွေလက်ထဲမှ လွတ်သွားသည့် တစ်ပြိုင်နက် အောင့်မျက်လုံးတွေမှာ ပြာဝေနေပြီး ဘာမှ မမြင်တော့။ သတိ မရှိတော့။ မျက်စိက အပ်ချုပ်စက်ပေါ်မှ ကတ်ကြေးတစ်လက်ကိုသာ မြင်တော့သည်. . ."**

**ယမန်နေ့မှအဆက်**

ထိုနေ့က အောင့်ကို လူစုံသူစုံရှိကြတုန်း ဝိုင်းပြီး တစ်ယောက်တစ်ပေါက်ဆူကြသည်ကို အောင်က အသာငြိမ်နားထောင်နေသေးသည်တဲ့။ ထိုအခိုက် ကြူကြူက စောစောကပြောထားခဲ့သော စကားများနှင့် အားမရနိုင်သေးဘဲ. . .

"မိအောင်၊ နင်ဟာ ဒီကိစ္စတွေနဲ့ အချိန်ကုန်နေတာပဲ၊ လူကြီးမိဘတွေကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့"

အောင်သည် ကြူကြူကို တစ်ချက်မျှ လှမ်းကြည့်လိုက်သေးသည်။ အရေးဆိုသူက မင်္ဂလာယူပြီဟု အောင့်စိတ်ထဲ မျက်သွားသည်။

သူ့ကို မထီမဲ့မြင်ပြန်ကြည့်ပြီး. .

"ဘာကိစ္စလဲ"

ခပ်တည်တည်ပြန်မေးလိုက်သည်။

ကြူကြူကလည်း အောင့်ကို ပြန်ကြည့်သည်။

သူတို့ညီအစ်မနှစ်ယောက် ရုပ်ချင်းလည်း ဆင်လျက်သားနှင့် စိတ်နေသဘောထားချင်းက လုံးဝမတူ။

အောင်၏ သည်လို မျက်နှာထားမျိုးပေါ့။

တစ်အိမ်လုံးက သူ့ကို အချဥ်ပေါက်နေတာ သိသားပဲ။

ပိုအချဥ်ပေါက်သထက်ပေါက်အောင် မျက်နှာကို တင်းထားသည်။

နဂိုက ပြုံးနေတတ်သော နှုတ်ခမ်းတို့ကို တင်းထားသည်။

အဖေက မျက်မှောင်ကုတ်ကာ အောင့်ကို စိုက်ကြည့်နေသည်။

အမေကတော့ ထုံးစံအတိုင်း မြည်တွန်လို့အားရတော့ စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း အောင့်ကို မျက်စောင်းတထိုးထိုးနှင့် ကြည့်နေသည်။

အမေမို့လို့သာ သည်းခံနေတာ။ ကိုယ့်မှာ အပြစ်ကြီးကြီးမားမားမရှိဘဲ သည်မျက်နှာမျိုးနှင့်ကြည့်တာ သိပ်ချဥ်တာပဲ။

ကိုယ့်သားသမီးရဲ့ သဘောထားကို နားမလည်သော အမေတစ်ယောက်အဖြစ် အထင်သေးသည်တဲ့။

သည်အချိန်တုန်းက အလည်ရောက်နေတဲ့ အဒေါ်တစ်ယောက်ကလည်း အောင့်ကို ဘာမဆိုင်ညာမဆိုင်နှင့် ဝင်ဆူသည်။

အားလုံးက အောင့်ကို ဆိုးတယ်လို့ ပြောနေကြတာပဲ။

အောင်ကလည်း ကောင်းဖို့ ဘယ်တော့မှမကြိုးစားတော့။

ဘယ်သူမှ အောင့်ကို နားမလည်နိုင်ပါဘူး။

အောင်ကလည်း နားလည်အောင် ကြိုးစားဖို့ စိတ်မကူးတော့ပေ။

"ဘာကိစ္စရမလဲ မိအောင်၊ နင်နဲ့အထွန်း အချစ်တော်ကိစ္စပေါ့"

"အောက်တန်းကျတယ်"

"ဘာရယ်"

"ဩော်. . . ဒီအတွေးမျိုး ခေါင်းထဲ ဝင်လာတာတောင် သနတယ်၊ ဒါမျိုးပြောလာတာ အောက်တန်းကျတယ်ပြောတာ"

"မေမေ့သမီး တွေ့လား၊ ကြူ့ကို စော်ကားနေတယ်"

ကြူကြူက သူ့အမေကို စစ်ကူတောင်းတော့ အောင်က တမင်ရယ်မောလျက်. . .

"ကျွန်တော်နဲ့ အထွန်းနဲ့ ရှင်းတယ်၊ ရိုးရိုးသူငယ်ချင်းပဲ၊ သူ့ကို ကျွန်တော်သိပ်ချစ်တာတော့ ဝန်ခံတယ်"

"နင်တို့ တတွဲတွဲနေတာပဲ၊ ဘကြီးအိမ်တောင် ခေါ်ထားတာ"

"အဲဒါ ဘာဖြစ်လဲ မကြူကြူ၊ အဲဒါ ဘာဖြစ်လဲ"

"အဲဒါက နင့်အခြေအနေကို ပြောနေတာပေါ့"

"ဒီမယ် မကြူကြူ။ ကျွန်တော် ပြောင်သမားပဲ၊ အချစ်တော်ဆိုရင် အချစ်တော်လို့ ဝန်ခံရမှာပေါ့၊ ပြီးတော့ ကျွန်တော် ရှေ့တစ်မျိုး နောက်တစ်မျိုး ကုပ်ကမြင်းမဟုတ်ဘူး၊ လူကြီးတွေမသိအောင် ဆရာမ အချင်းချင်းလည်း အချစ်တော်ထားနေတာ မဟုတ်ဘူး"

သည်တုန်းက မထင်မှတ်ဘဲ ကြူကြူ၏ ပြင်းထန်သော လက်ဝါးသည် အောင့်ပါးပေါ်သို့ ကျလာလေသည်။ အောင်သည် လျှင်မြန်သောအဟုန်နှင့် ကြူကြူ့ကို ခုန်အုပ်မည်လုပ်သော်လည်း အဖေနှင့်အမေဖြစ်သူက အောင့်ကို ဝိုင်း၍ ဆွဲထားကြသည်။ သည်တော့ လက်က လှုပ်မရတော့။ အောင်က ပါးစပ်မှ ကြူကြူအား. . .

"နင် တစ်ချိန်လုံး အိညက်အိညက်နဲ့ ကလီကမာနိုင်တယ်၊ ငါ ဘယ်တော့မှ မဟုတ်တာ မပြောဘူးဟဲ့၊ နင်က hooker"

နောက်ဆုံး ဆဲရေးလိုက်သော စကားတစ်ခွန်းတွင် နောက်ထပ် လက်ဝါးတစ်ချက်က အောင့်ပါးကို ပြင်းပြင်းထန်ထန် ရိုက်လိုက်ပြန်သည်။ အောင့်ကို ဝိုင်းချုပ်ပေးသလိုဖြစ်နေတော့ အောင်အနေနှင့် ဘာမှလုပ်လို့မရ။

ငန်ငြိုငြိုနှင့်ထွက်လာသော သွားထဲမှ သွေးတွေကို ထွေးထုတ်ပစ်ကာ အောင်သည် သူ့ကို ချုပ်ထားသော လူတွေလက်ထဲမှ အတင်းဆောင့်ရုန်းထွက်လိုက်လေသည်။

ချုပ်ထားသော လူတွေလက်ထဲမှ လွတ်သွားသည့်တစ်ပြိုင်နက် အောင့်မျက်လုံးတွေမှာ ပြာဝေနေပြီး ဘာမှမမြင်တော့။ သတိ မရှိတော့။ မျက်စိက အပ်ချုပ်စက်ပေါ်မှ ကတ်ကြေးတစ်လက်ကိုသာ မြင်တော့သည်။

လက်က ထိုကတ်ကြေးကို ကောက်ကိုင်ကာ ကြူကြူအား ထိုးသတ်ဖို့ လိုက်လေသည်။ ကတ်ကြေးက ချွန်နေတော့ မိများမိလျှင် အသေပဲတဲ့။ ကြူကြူလည်း ငယ်သံပါအောင်ပြေးရတော့သည်။ ကြူကြူနောက် အောင်ကလိုက်၍ အောင့်နောက်က လူတွေတစ်အုပ်ကြီး လိုက်လာကြသည်။

"အောင်. . . အောင်ရေ၊ မလုပ်နဲ့၊ ဒီလိုမလုပ်နဲ့"

**ဆက်လက်ဖော်ပြပါမည်။**

ကျောက်ဆည်၊ စိုက်ပျိုးရေး

## ကျောက်ဆည်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဒေသတွင်းဆန်စပါး ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေရရှိရေးနည်းလမ်းများအလိုက် နွေစပါးစိုက်ဧက ၁၀၀၀ ကျော် လျာထားစိုက်ပျိုးကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် မင်းရဲစိုက်ပျိုးရေးနည်းပညာပေးစခန်းမှ သင်တောင်းကျေးရွာအုပ်စု၌ ဧက ၂၀၀၊ အင်တိုင်းကျေးရွာအုပ်စု၌ ၁၇၂ ဧက၊ ပတ္တာကျေးရွာအုပ်စု၌ ဧက ၁၀၀၊ ပင်တလည်ကျေးရွာအုပ်စု၌ ၁၅၃ ဧက၊ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေးစခန်းမှ ကုလားချောင်းကျေးရွာအုပ်စု၌ ဧက ၄၀၀၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေးစခန်းမှ လက်ပန်ပင်ကျေးရွာအုပ်စု၌ ၂၈ ဧက စုစုပေါင်း ၁၀၅၃ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် နွေစပါးစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်း၍ ဒေသနှင့်ကိုက်ညီသည့်စပါးမျိုးများနှင့် စိုက်နည်းစနစ်များ ကူညီပေးလျက်ရှိပြီး မြို့နယ်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေပေးမြောင်းများအလိုက် အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

လပွတ္တာ၊ စီးပွားရေး

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကင်းမွန်ပိသာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကင်းမွန်ပိသာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကေခိုင်၏ပြောကြားချက်အရ သိရသည်။


လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ကင်းမွန်ပိသာချိန် ၄၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ကင်းမွန်ပိသာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖေဖော်ဝါရီလကထက် မတ်လအတွင်းမှာ ကင်းမွန်ပိသာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ပါတယ်။ မတ်လထဲမှာ ကင်းမွန်တွေအဝင်များပြီး အရင်ကထက် ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ ရန်ကုန်မြို့ကို ကုန်များများတင်ပို့ရောင်းချနေရပေမယ့် ကင်းမွန်ဈေးကငြိမ်နေပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ကင်းမွန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုပြည်ပဈေးကွက်ကနေ ကင်းမွန်တွေ အဝယ်လိုက်လာပါတယ်။ ပြည်ပဈေးကွက်က အဝယ်ကောင်းလာရင် အခုထက် အရောင်းအဝယ်သွက်လာဖို့ရှိပါတယ်"ဟု ဒေါ်ကေခိုင်က ပြောသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသော ကင်းမွန်များကို စနစ်တကျသန့်စင်၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**သုတကျော်**

မိုးလေဝသ သတင်း



★ ရှေ့ဖုံးမှအဆက်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်တို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijun တို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် ဧပြီ ၁

# အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ



အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများနှင့် (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ကျင်းပရာ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်းကော်မတီ ၂၂ ခုမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း စီးပွားရေးနှင့် စပ်လျဉ်းပြီး ၂၀၂၃ ခုနှစ်တွင် ဒေသတွင်းစီးပွားရေးအခြေအနေသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းထက်ပိုမိုသာလွန်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း ဆက်လက်တိုးတက်ရန် မျှော်မှန်းထားကြောင်း၊ ဒေသတွင်း စီးပွားရေးတိုးတက်မှုအရှိန်ကို ပိုမိုကောင်းမွန်စေရန်အတွက် ဒေသတွင်းထောက်ပံ့မှုကွန်ရက် (Supply Chain Network)များကို ကမ္ဘာ့ထုတ်လုပ်မှုကွန်ရက် (Global Production Network )နှင့် ချိတ်ဆက်နိုင်ရန် အရေးကြီးကြောင်း၊ ကွန်ရက်များချိတ်ဆက်ရာတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားအာဆီယံနိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များက မိမိတို့လုပ်ငန်းအလိုက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လာအိုနိုင်ငံက အကောင်အထည်ဖော်ရန် ဦးစားပေးစီးပွားရေးလုပ်ငန်းများ (Priorities Economic Deliverables - PEDs) ၁၄ ခုကိုချမှတ်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အေအီးစီအနေဖြင့် ယခုနှစ်တွင် နှစ်အလိုက် အကောင်အထည်ဖော်ရန် လုပ်ငန်း(Annual Priorities -APs) ၁၁၃ ခုကို ချမှတ်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အေအီးစီလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံက ဒေသတွင်းလုပ်ငန်းများကို လိုက်ပါဆောင်ရွက်ရာ၌ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးများကိုလည်း အမိအရ ရယူနိုင်ရန် လိုအပ်ကြောင်း၊ ရသင့်သည့်အခွင့်အရေးများရရှိနိုင်ရေးအတွက် သေသေချာချာ ပြင်ဆင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အာဆီယံအနေဖြင့် တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသကို အကောင်အထည်ဖော်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍအလိုက် မိမိတို့နိုင်ငံအနေဖြင့် ဆောင်ရွက်နိုင်မှုအခြေအနေကို ပြန်လည်လေ့လာ၍ လက်ရှိနိုင်ငံ၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆောင်ရွက်သည့်လုပ်ငန်းများသည် လက်တွေ့ကျကျအကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ရန် ကျန်ရှိသည့်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအရှိန်ကိုလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိက အကြိမ်(၃၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး၏ဆွေးနွေးချက်များနှင့် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် အတွင်းရေးမှူးများဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကော်မတီအလိုက် ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၆-၂၀၃၀ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာရေးဆွဲရေးအတွက် ဆောင်ရွက်မှုအခြေအနေ၊ အနာဂတ်အာဆီယံလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုအခြေအနေ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ သုံးသပ်ချက်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ဆောင်ရွက်နေသည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၏လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ထိထိမိမိအကောင်အထည်ဖော်ရန်နှင့် အနာဂတ်အာဆီယံလုပ်ငန်းစဉ်များကိုလည်း မျက်ခြည်မပြတ်လိုက်ပါဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ရပ်တည်ချက်ကို ခိုင်ခိုင်မာမာတင်ပြရန် လိုအပ်ကြောင်း၊ ဒေသတွင်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ပါတည်းဖြစ်စေမည့် လုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားစေလိုကြောင်းနှင့် လုပ်ငန်းအဖွဲ့များက တင်ပြချက်များအပေါ် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညို မြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီရုပ်မြင်သံကြားတွင် (၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ထူးချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုပေးအပ်ချီးမြှင့်စဉ်။





နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က အကောင်းဆုံးဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက မြဝတီသတင်းစာတိုက်မှ ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်ပြီး နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးက မြဝတီစာပေတိုက်တွင် (၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဝန်ထမ်းများနှင့် ထူးချွန်ဆုရ စစ်သည်၊ ဝန်ထမ်းများ၊ မြဝတီ၊ ငွေတာရီ၊ သုတအလင်းမဂ္ဂဇင်းတို့တွင် အကောင်းဆုံး ကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆုရရှိသူများကိုလည်းကောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက သဇင်အသံလွှင့်ဌာနတွင် (၂၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများ၊ မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် (၁၀)နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

သပိတ်ကျင်း ဧပြီ ၁

## သပိတ်ကျင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၆၈ လုံး ပျက်စီးဆုံးရှုံး

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်း မြို့နယ်၌ မတ်လ ၃၁ ရက် ညနေ ၄ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ စာသင်ကျောင်း၊ ဘုရားစေတီတစ်ဆူနှင့် နေအိမ် ၆၈ လုံးပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ကြာညှပ်ကျေးရွာအုပ်စု မြင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ စေတီထီးတော်ယိုင်ခြင်း၊ (အ. မ. က)ကျောင်းနှင့် ဝန်ထမ်းအိမ်ရာ တစ်လုံးအမိုးလန်ပျက်စီးခြင်း၊ တွင်းငယ် ကျေးရွာအုပ်စု ရေညှာဦးကျေးရွာ၊ ဗန္ဓဲ ကျေးရွာ၊ ကျောက်ဖြူကျေးရွာနှင့် တောင်လယ်ကျေးရွာတို့မှ လူနေအိမ်များ စုစုပေါင်း ၆၈ လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။



အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့်အဖွဲ့ဝင်များ၊ ရပ်ကျေး/အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများက ကူညီထောက်ပံ့မှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

ကန့်ဘလူ ဧပြီ ၁

## ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အတွင်းရှိ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို ဧပြီလ ၁ ရက်နံနက်ပိုင်းတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်ငါးခုအတွင်းရှိ ကလေးငယ်များ၊ ကျေးရွာများမှကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဂျပန်ဦးနှောက်ရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးထိုးနှံပေးခြင်းကိုလည်းကောင်း စနစ်တကျဆောင်ရွက်ပေးသည်။

အဆိုပါကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို လစဉ်လဆန်းရက်များ၌ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပြီး သတ်မှတ်ရက်များအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

နေပြည်တော် ဧပြီ ၁

# ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လက်ခံတွေ့ဆုံ



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration- IOM)၏ မြန်မာနိုင်ငံဆိုင်ရာ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (International Organization for Migration- IOM) ၏ Chief of Mission ဖြစ်သူ Mr. Dragan Aleksoski နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အကျိုးစီးပွားမြှင့်တင်ကာကွယ်ပေးရန် ဝန်ဆောင်မှုများထောက်ပံ့ပေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ရန်စီစဉ်မှုများ၊ ဂုဏ်သိက္ခာရှိသော နိုင်ငံတကာလုပ်သားစုဆောင်းသည့်စနစ် (International Recruitment Integrity System - IRIS) နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲများကို (၁၇)ကြိမ်တိုင် ကျင်းပနိုင်ခဲ့ပြီး တက်ရောက်ခဲ့သည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၅၂၂ ခု ကို အသိပညာပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ ကူညီစောင့်ရှောက်ပေးနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၁

# ကုန်သွယ်ရေးဦးစီးဌာန၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ဌာနတွင်း ထူးခြားကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့သော ဌာနခွဲများ၊ ဝန်ထမ်းများနှင့် နိုင်ငံတော်၏ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်-၃ ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်းဆုံးဌာနခွဲဆုများ ချီးမြှင့်ခြင်း၊ တာဝန်ရှိသူအရာရှိကြီးများမှစံပြဝန်ထမ်းဆုများချီးမြှင့်ခြင်း၊ အကောင်းဆုံးတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းဆုများချီးမြှင့်ခြင်းများကိုဆောင်ရွက်ကြပြီး အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ဝန်ထမ်းများမှ တေးသရုပ်ဖော်အကအလှများဖြင့် ကပြဖျော်ဖြေသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းကဏ္ဍပေါင်းများစွာရှိသည့်အနက်မှ ကုန်သွယ်မှုကဏ္ဍကို အဓိကထားဆောင်ရွက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတာဝန်ယူပြီး အစိုးရ-ပုဂ္ဂလိကကဏ္ဍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေသော ဦးစီးဌာနတစ်ခုဖြစ်ကာ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် ပို့ကုန်သွင်းကုန်ကဏ္ဍကို တာဝန်ယူထမ်းဆောင်လျက်ရှိရာ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတာဝန်ယူဆောင်ရွက်လျက်ရှိသည့်ဦးစီးဌာနတစ်ခုဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနသည် ခေတ်နှင့်အညီ ဌာန၏ဖွဲ့စည်းပုံအား အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ရာ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာနဟု အမည်ဖြစ်ပေါ်လာသည့်နေ့ဖြစ်ခြင်းကြောင့် ယနေ့သည် ဌာန၏(၉)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် ဧပြီ ၁

# တံခွန်စိုက်ဆုရအမျိုးသားဘောလုံးအသင်းနှင့် MFF Fit Futsal ချန်ပီယံဆုရ YRG FC ဘောလုံးအသင်းတို့အား ဂုဏ်ပြုပွဲကျင်းပ

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး U-25 ဘောလုံးအမျိုးသားပြိုင်ပွဲ တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဘောလုံးအသင်းနှင့် MFF Fit Futsal League(II) 2023 ချန်ပီယံဆုရ YRG FC ဘောလုံးအသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည်။

ဦးစွာ U - 25 အမျိုးသားဘောလုံးအသင်းနှင့် YRG FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သည့် အကောင်းဆုံးကစားကွက်များ မှတ်တမ်းဗီဒီယိုကိုပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးဂုဏ်ဆောင်အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဂုဏ်ပြုအပ်ပါကြောင်း၊ အောင်မြင်မှုကိုရပ်တန့်မနေဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်အားကစားသမားများဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ရန်ကုန်တိုင်းဒေသကြီး U-25 ဘောလုံးအမျိုးသားအသင်းနှင့် MFF Fit Futsal League(II) 2023 ချန်ပီယံဆုရ YRG FC ဘောလုံးအသင်းတို့က တံခွန်စိုက်ချန်ပီယံဆုဖလားများကို အပ်နှံကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆုရဘောလုံးအသင်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဘောလုံးအသင်းအုပ်ချုပ်သူများက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**




နေပြည်တော် ဧပြီ ၁

# နွေကာလတွင်ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် ဧပြီလနှင့် မေလတို့အတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်၊ ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် ဧပြီလနှင့်မေလတို့အတွင်းဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားရန်နှင့်ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့်ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# ယောဂကျင့်စဉ်နှင့် ကျန်းမာရေး



ခေတ်သစ်လူနေမှုပုံစံတွင် စိတ်ဖိစီးမှုများခြင်းသည် သွေးတိုး၊ နှလုံးရောဂါအပါအဝင် အထွေထွေကျန်းမာရေးကိုထိခိုက်စေသော အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ နှလုံးသွေးကြောဆိုင်ရာရောဂါများ၊လေဖြတ်ခြင်း၊ကင်ဆာနှင့်သွေးချို၊ ဆီးချိုရောဂါကဲ့သို့သော မကူးစက်နိုင်သောရောဂါများသည် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်သေဆုံးရခြင်း၏အဓိကအကြောင်းအရင်းများဖြစ်ပြီး ယောဂကျင့်စဉ်ကို နေ့စဉ်ပုံမှန်ပြုလုပ်ခြင်းအားဖြင့်သိသာစွာလျှော့ချနိုင်ကြောင်း သိရှိလာကြသည်။

အမေရိကန်နိုင်ငံအခြေပြုလေ့လာမှုများအရ အသိသတိရှိခြင်း Mindful Practice ကိုအခြေခံသော ယောဂကျင့်စဉ်ဖြင့် စိတ်ဖိစီးမှုကိုလျှော့ချခြင်းသည် လူသားများ၏ ကျန်းမာရေး အထူးသဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ပြီး နှလုံးခွဲစိတ်ပြီးနောက် နှလုံးပြန်လည်ထူထောင်ရေးနှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကိုလည်း မြှင့်တင်ပေးကြောင်း တွေ့ရှိခဲ့သည်။ စိတ်ဖိစီးမှု၊စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျခြင်းတို့ကိုလျော့နည်းစေသည်။ ယောဂကျင့်ခြင်းသည် ဇီဝကမ္မဆိုင်ရာ နိုးကြားမှုကိုဖြစ်စေပြီး ပိုမိုကောင်းမွန်သောအိပ်စက်ခြင်းနှင့် အစာစားချင်စိတ်ကို ဖြစ်စေသည်။ မကြာသေးမီက ထုတ်ပြန်ခဲ့သော အမေရိကန်နှလုံးအဖွဲ့အစည်း၏ သိပ္ပံနည်းကျ သုတေသနအစီရင်ခံစာတွင် တရားထိုင်ခြင်း၊ ယောဂကျင့်စဉ်ပုံမှန်ပြုလုပ်ခြင်းသည် သွေးပေါင်ချိန်ကိုသိသိသာသာလျှော့ချနိုင်သဖြင့် နှလုံးသွေးကြောကျဉ်းရောဂါလူနာများတွင် နှလုံးအမောဖောက်ခြင်း၊ လေဖြတ်ခြင်းနှင့် ရုတ်တရက်သေဆုံးမှုများကိုလျှော့ချပေးနိုင်ကြောင်းဖော်ပြထားသည်။

ယောဂကျင့်စဉ်သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ခန့်ကတည်းက စတင်ပေါ်ပေါက်ခဲ့သည့် ရှေးဟောင်းကျင့်စဉ်တစ်ခုဖြစ်သည်။ ယောဂသည် ရှေးခေတ်အိန္ဒိယနိုင်ငံမှအစပြုခဲ့သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာအလေ့အကျင့်တစ်ခုဖြစ်သည်။ "ယောဂ"(Yoga) ဟူသောဝေါဟာရသည် သက္ကတဘာသာမှ ဆင်းသက်လာပြီး ခန္ဓာကိုယ်နှင့် အသိစိတ်တို့၏ ပေါင်းစပ်မှုနှင့်သဟဇာတဖြစ်မှုကို ကိုယ်စားပြုသည်။ အိန္ဒိယဝန်ကြီးချုပ် Narendra Modi က ယောဂသည် "အိန္ဒိယ ရှေးဟောင်းအစဉ်အလာ၏ တန်ဖိုးမဖြတ်နိုင်သောလက်ဆောင်တစ်ခု" ဖြစ်ပြီး "ကျန်းမာသန်စွမ်းသောကမ္ဘာဂြိုဟ်ကိုဖန်တီးရန်အထောက်အကူဖြစ်စေသည်"ဟု ၂၀၁၄ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြောကြားခဲ့သည်။ အထက်ပါအဆိုပြုချက်ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံခဲ့ကြသည်။

ယောဂပြုလုပ်ခြင်းသည် ကာယလေ့ကျင့်ခန်းတစ်ခုတည်းအတွက်မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုရှိသည့် စိတ်နှင့်ခန္ဓာကိုယ်လေ့ကျင့်မှုတစ်ခုဖြစ်သည်။ ယောဂကျင့်စဉ်သည် လက်ရှိအချိန်ကိုအာရုံစိုက်၍ စိတ်ဖိစီးမှုနှင့် အဆိုးမြင်စိတ်များမှ လွတ်ကင်းစေရန်သင်ကြားပေးသည့် အလေ့အကျင့်တစ်ခုဖြစ်သည်။ ခန္ဓာကိုယ်နှင့် စိတ်သဟဇာတဖြစ်စေရန် ရည်မှန်းပြီး လူ့ဘဝ၏ အပြုသဘောဆောင်သောတွေးခေါ်မှု၊ ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုတို့အထိ အကျုံးဝင်သည့် ယောဂကျင့်စဉ်တစ်ခုဖြစ်သည်။ လူ၏ခန္ဓာကိုယ်နှင့် စိတ်ကိုယှဉ်တွဲ၍ လုပ်ဆောင်ရသော အသက်ရှူလေ့ကျင့်ခန်းများ၊ စိတ်ကိုတည်ငြိမ်စေသောလေ့ကျင့်ခန်းများ၊ ခန္ဓာကိုယ်၏ ပျော့ပျောင်းညင်သာသော ပုံစံအမျိုးမျိုးကိုပြုလုပ်ခြင်းများပါဝင်သဖြင့် စိတ်ပင်ပန်းခြင်းနှင့်စိုးရိမ်ပူပန်မှုများကို လျှော့ချစေနိုင်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ကျန်းမာရေးကိုပိုမိုကောင်းမွန်လာနိုင်စေခြင်း၊ ခန္ဓာကိုယ်၏ အသက်ရှူလမ်းကြောင်းဆိုင်ရာလုပ်ငန်းများတွင် ပိုမိုတိုးတက်လာစေနိုင်ခြင်းတို့ကြောင့် ခန္ဓာကိုယ်ကို ကျန်းမာကြံ့ခိုင်လာစေနိုင်ပါသည်။

ယနေ့ခေတ်တွင် လူသားတိုင်းအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးသည် လွန်စွာအရေးကြီးသဖြင့် ယောဂကျင့်စဉ်သည် စိတ်ပိုင်းဆိုင်ရာအကျိုးကျေးဇူးများဖြစ်သော စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုလျော့နည်းလာခြင်း၊ အာရုံစူးစိုက်မှုအားကောင်းခြင်းနှင့် မိမိကိုယ်ကိုမိမိယုံကြည်မှု၊ ပျော်ရွှင်မှုတို့ကိုရရှိစေနိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာအနေဖြင့် ကိုယ်ခန္ဓာစွမ်းအားမြှင့်တင်ပေးပြီး ဖျားနာခြင်းမှ ကာကွယ်ပေးခြင်း၊ သွေးလည်ပတ်မှုအားကောင်းလာပြီး အသားအရေကြည်လင်ခြင်း၊ ခန္ဓာကိုယ်အတွင်း အောက်ဆီဂျင် ပြည့်ဝစွာရရှိစေသောကြောင့် ကြွက်သားများကျစ်လျစ်သန်မာခြင်း၊ အိပ်ရေးဝဝအိပ်ပျော်စေခြင်း စသော အကျိုးကျေးဇူးများရရှိစေနိုင်ပါသည်။ ယောဂပုံမှန်လုပ်ပါက စွမ်းအင်အဆင့်ဆင့်နှင့် အာရုံစူးစိုက်မှုကို မြှင့်တင်နိုင်ပြီး လူ၏ကိုယ်တွင်းအင်္ဂါများကိုသန့်စင်စေကာ ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်၍ ကိုယ်ဟန်အနေအထားကို မြှင့်တင်ပေးနိုင်သည်။ စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုများကိုလျော့ကျစေလိုလျှင် ယောဂနှင့် တရားထိုင်ခြင်းကို ပေါင်းစပ်ပြုလုပ်ခြင်းသည် စိတ်ကိုတည်ငြိမ်စေပြီး စိတ်ကျန်းမာရေးကိုမြှင့်တင်ပေးနိုင်ပါသည်။ ထို့ပြင် စိတ်ကျရောဂါခံစားရမှုကို ပြန်လည်ကောင်းမွန်လာစေနိုင်ခြင်း၊ ခန္ဓာကိုယ်တွင် နှစ်ပေါင်းများစွာခံစားနေရသော နာကျင်မှုဝေဒနာများအားလျော့ကျစေနိုင်ခြင်း၊ အိပ်ပျော်စေခြင်း၊ လူ၏ခန္ဓာကိုယ်ရှိ အကြောအဆစ်များအားလုံး ပျော့ပျောင်းညင်သာလာခြင်းတို့ကိုဖြစ်စေနိုင်ပါသည်။ သွေးဆုံးခြင်းလက္ခဏာများ၊ အဆစ်အမျက်ရောင်ရမ်းခြင်း၊ ခါးနာခြင်း၊ ကင်ဆာရောဂါ၊ ဓာတ်မတည့်မှု၊ ပန်းနာရင်ကျပ်ရောဂါ၊ အစာအိမ်ရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါ၊ ဇီဝဖြစ်စဉ်လက္ခဏာစု၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါများကို သက်သာစေနိုင်ပါသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကာကွယ်တိုက်ဖျက်နိုင်ရန် ကိုယ်ခံစွမ်းအား ပိုမိုကောင်းမွန်စေရေးအတွက် ယောဂကျင့်စဉ်ကိုအထူးဂရုစိုက်လုပ်ဆောင်သင့်သည်။

ယောဂပြုလုပ်ခြင်းသည် စိတ်နှင့် ခန္ဓာကိုယ်အတွက် ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိစေနိုင်သောကြောင့် ကမ္ဘာတစ်ဝန်းတွင် လူကြိုက်များလာပြီး ယောဂကျင့်စဉ်ကို ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးလာကြသည်။ ယောဂအမျိုးအစားများစွာရှိသော်လည်း Hatha Yoga ကိုအများဆုံးလေ့ကျင့်ကြသည်။ Hatha Yoga ၏ အဓိကအစိတ်အပိုင်းများတွင် အကြောဆန့်လေ့ကျင့်ခန်းများနှင့် ကိုယ်လက်လှုပ်ရှားမှုများ၊ အသက်ရှူထိန်းချုပ်မှုနှင့် အာရုံစူးစိုက်မှုနည်းစနစ်များ (တရားထိုင်ခြင်း) တို့ပါဝင်သည်။ ယောဂသည် ခန္ဓာကိုယ်တွင်းအဆိပ်အတောက်များကိုဖယ်ရှားပေးကာ နာတာရှည်ပင်ပန်းနွမ်းနယ်မှုကို လျော့ပါးသက်သာစေပြီး ခံနိုင်ရည်ကိုမြှင့်တင်ပေးကာ ကိုယ်တွင်းအင်္ဂါများနှင့် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည်ဟုယုံကြည်ကြသည်။ ထို့ကြောင့် ကျန်းမာရေးကောင်းစေမည့် လူနေမှုပုံစံတစ်ခုဖြစ်သော စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာမှုများကိုအထောက်အကူပြုသည့် ယောဂကျင့်စဉ်၏ အကျိုးကျေးဇူးများအကြောင်း ဗဟုသုတမျှဝေတင်ပြအပ်ပါသည်။

**ဒေါက်တာသိဂီကျော်**

**ရန်ကုန်၊ စီးပွားရေး**

# ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၄၈ သန်းကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂၅၆ သန်းကျော်ရရှိခဲ့



ယခုဘဏ္ဍာနှစ် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၁ ရက်အထိ ၁၁ လတာကာလအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၄၈ သန်းကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၂၅၆ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်ပသို့တင်ပို့ခဲ့သော ပဲအမျိုးအစားများတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေထောက်ပဲ၊ ပဲလွန်းဖြူ ထောပတ်ပဲ၊ ဗိုလ်ကိတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ပဲကြီး၊ ကုလားပဲနှင့် ပဲပုပ်တို့ပါဝင်ကြောင်း၊ အဆိုပါတင်ပို့သည့်နိုင်ငံများအနက် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ မတ်လ ၁ ရက်အထိ ပြည်ပကို ပဲမျိုးစုံတင်ပို့မှုအနေနဲ့ ပင်လယ်ရေကြောင်းကနေ တန်ချိန် ၁ ဒသမ ၃၃ သန်းကျော်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၁၃၁ သန်းကျော်ရရှိခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တန်ချိန် ၁၄၀၀၀၀ ကျော် တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၂၄ သန်းကျော်ရရှိခဲ့ပါတယ်။ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့ကနေ တန်ချိန် ၁ ဒသမ ၄၈ သန်းကျော်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၂၅၆ သန်းကျော်ရရှိခဲ့ပါတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနက် အိန္ဒိယနိုင်ငံသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၉၉ သန်းကျော်၊ တရုတ်နိုင်ငံသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅၉ သန်းကျော်၊ စင်ကာပူနိုင်ငံသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်နှင့် ဗီယက်နမ်နိုင်ငံသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်းနီးပါးရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပဲမျိုးစုံကို ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ နှစ်စဉ်တင်ပို့လျက်ရှိပြီး စုစုပေါင်းပဲမျိုးစုံတင်ပို့မှု၏ ၁၂ ရာခိုင်နှုန်းခန့်ကို မြန်မာနိုင်ငံမှ တင်ပို့ခွင့်ရရှိထားကြောင်း သိရသည်။

**ဆောင်းဦး**

# စတုတ္ထမဏ္ဍိုင်ဖြင့် နိုင်ငံ၊ ပြည်သူနှင့် တပ်မတော်အကျိုးသယ်ပိုးဆောင်ရွက်



**အိမ့်မှူး**

လူတိုင်းအဖွဲ့အစည်းတိုင်းအတွက် အရေးပါအရာရောက်သော အထိမ်းအမှတ်နှစ်ပတ်လည်နေ့များရှိကြစမြဲပင်. . .။ လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ ခရီးသည် ယနေ့ဆိုလျှင် (၇၇) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ရှည်လျားသည့်သမိုင်းခရီးတစ်လျှောက် တပ်ဖွဲ့ဝင်များ၏မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် တပ်မတော်ကပေးအပ်လာသည့်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်လျက်ရှိသည်။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတာဝန်များအောက်တွင် တပ်မတော်အကျိုးပြု၊ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်များအား စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့တပ်မတော်သားများအား တိုက်ပွဲဝင်လိုစိတ်၊ ယုံကြည်ချက်၊ ခံယူချက်မြင့်မားခိုင်မာစေရန်၊ တပ်မတော်နှင့်ပြည်သူတစ်သားတည်းရှိနေစေရန်၊ ရန်သူ၏ခံယူချက်စိတ်၊ ယုံကြည်ချက်စိတ်များ ပျက်သုဉ်းစေရန်အတွက် စတုတ္ထစစ်လက်ရုံး စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များအား ဖွဲ့စည်းရစမြဲဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကျေပွန်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့်အသိပညာများနှင့် တတ်ကျွမ်းရမည့်အတတ်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာနေကြရမည်ဖြစ်သည်။ တပ်မတော်နှင့် ပြည်သူတစ်သားတည်းရှိစေရန် စစ်ဘက်၊ အရပ်ဘက်ဆက်ဆံရေးကောင်းမွန်စေရန်အတွက် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ဆက်ဆံရေးသည် အဖွဲ့အစည်းနှင့်လူထုကြား အပြန်အလှန်အကျိုးရှိသောဆက်ဆံရေးထူထောင်သည့် ဆက်သွယ်ရေး မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်သည်။ ပြည်သူလူထုနှင့်ကောင်းမွန်သောဆက်ဆံရေးတစ်ရပ်ကို ထူထောင်ရာတွင် မိမိ၏အဖွဲ့အစည်းကို အထောက်အကူဖြစ်စေပြီး လူထုနှင့်အပြုသဘောဆက်ဆံရေးကို ထိန်းသိမ်းထားခြင်းဖြင့် မိမိအဖွဲ့အစည်း၏လုပ်ငန်းကို အောင်မြင်မှုရရှိစေပါသည်။ သို့ဖြစ်ရာ ကကပြည်၏ အဓိကတာဝန်တစ်ရပ်ဖြစ်သော ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတာဝန်သည် ကြီးမားကျယ်ပြန့်၍သိမ်မွေ့သောလုပ်ငန်းဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် ပြန်ကြားရေးလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမီဒီယာများနှင့်ထိတွေ့ဆက်ဆံ၍ တပ်မတော်၏လှုပ်ရှားမှုကို အမြဲမပြတ်တင်ပြဆောင်ရွက်လျက်ရှိသည်။

မီဒီယာကဏ္ဍသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုသည့်မဏ္ဍိုင်ကြီးသုံးခုကို မယိမ်းမယိုင်စေရေး တည့်မတ်ပေးသည့် စတုတ္ထမဏ္ဍိုင်ပင်ဖြစ်သည်။ ပြည်သူများ၏အသံကိုပီပြင်စေရန်နှင့် အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ရာတွင် မီဒီယာသည် အဓိကအရေးပါသည်။ မီဒီယာကဏ္ဍဖြင့် ပြည်သူများကိုမှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်များ ရရှိစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ထုတ်လွှင့်ဖော်ပြနေရမည်ဖြစ်သည်။

ပြည်သူလူထု သိသင့်သိထိုက်သည့်၊ သိရှိရန်လိုအပ်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်ကြားပေးရန်တာဝန်၊ ပြည်သူလူထုအား တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် အသိပညာပေးရေးတာဝန်၊ ဉာဏ်ပညာဗဟုသုတရေးတာဝန်များကို ပညာပေးရန်တာဝန်၊ ပြည်သူများအပန်းဖြေစေရန် အနုပညာအရပ်ရပ်ဖြင့် တေးဂီတအဖွဲ့ဖွဲ့၊ အက၊ အခုန်၊ အဆို၊ အတီး ကဏ္ဍအစုံအလင်ဖြင့် ဖျော်ဖြေရေးတာဝန်များကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး လက်အောက်ရှိ မီဒီယာလုပ်ငန်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စည်းရုံးရန် ဆိုရာတွင်လည်း မိမိပြောစကားကို တစ်ဖက်လူက လိုက်ပါလုပ်ဆောင်ပြောဆိုခြင်း၊ မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးအပေါ်တွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဖော်ဆောင်ပေးနိုင်ရေးတို့ကို ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူလူထုအား ဗဟုသုတပေးနိုင်ရေး၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် လူငယ်၊ လူရွယ်များအား လမ်းမှားမရောက်ရှိစေရေး၊ ပညာတတ်သားကောင်းရတနာများဖြစ်လာစေရေး၊ ခေတ်နှင့်လျော်ညီသည့် ထုတ်လွှင့်မှုပုံစံများဖြင့် ဖော်ပြလျက်ရှိပါသည်။ လူမှုရေးဦးတည်ချက်(၃)ရပ်တွင် ပါဝင်သော **နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်** လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရာတွင် မီဒီယာသည် များစွာအရေးပါလာသည့်အတွက် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ရှေးရှုသည့် ဆောင်ရွက်ချက်များကို မီဒီယာများမှ ထုတ်လွှင့်ပြသပေးလျက်ရှိရာ စစ်မှန်သည့် အမျိုးသားရေး စိတ်ဓာတ်အပြည့်နှင့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ၊ အမျိုးဘာသာ သာသနာအကျိုးသယ်ပိုးမှုများ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုများ၊ သတင်းမှန်ပြန်ကြားမှုများကို ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ ရုပ်သံမီဒီယာ၊ ပုံနှိပ်မီဒီယာ၊ ရေဒီယိုအသံလွှင့်ဌာန အသီးသီးတို့၌ ထုတ်လွှင့်ပြသလျက်ရှိပေသည်။

ယနေ့ ၂၁ ရာစုတွင် သတင်းစီးဆင်းမှုသည် အချိန်နှင့်အမျှပြောင်းလဲမြန်ဆန်လျက်ရှိသည်။ မီဒီယာကဏ္ဍသည် အားကောင်းကောင်းဖြင့် လိုက်ပါနိုင်စွမ်းရှိရန် လိုအပ်လှပေသည်။ အချို့သောမီဒီယာများသည်တိကျမှု၊ ဘက်မလိုက်မှု၊ မျှတမှုစသည့် မီဒီယာကျင့်ဝတ်များကို လိုက်နာမှုမရှိဘဲ ကျင့်ဝတ်နှင့်မညီညွတ်ဘဲ သတင်းများကို ဖော်ပြနေသည်ကို တွေ့ရှိရသည်။ တပ်မတော်၏ပုံရိပ်နှင့်ပြည်သူ့ဆက်ဆံရေးကို ထိခိုက်ကျဆင်းအောင် ပုံဖော်ဆောင်ရွက်နေပြီး မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများအပေါ် နိုင်ငံပိုင်မီဒီယာများ၊တပ်မတော်မီဒီယာများက သတင်းမှန်များဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါသည်။ သမာသမတ်ကျသည့် ပြည်တွင်းမီဒီယာများသည် နိုင်ငံကို"အား"ဖြစ်စေသော်လည်း သမာသမတ်မကျသော မီဒီယာအချို့ကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများ၏ဘဝကို ခါးစေသည်။ သမိုင်းစဉ်ဆက် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုသာ မျှော်မှန်းပြီး ဆောင်ရွက်ခဲ့သည့်တပ်မတော်၏ စတုတ္ထမဏ္ဍိုင်သည် ကောင်းမွန်သည့်အစဉ်အလာနှင့် သမိုင်းကြောင်းကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ပေသည်။

မိမိတို့တပ်မတော်၏မီဒီယာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည့် မြဝတီရုပ်မြင်သံကြား၊ မြဝတီစာပေတိုက်၊

စာမျက်နှာ ၁၀ သို့ ➢



❖ မီဒီယာကဏ္ဍသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီးသုံးခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုသည့်မဏ္ဍိုင်ကြီးသုံးခုကို မယိမ်းမယိုင်စေရေး တည့်မတ်ပေးသည့် စတုတ္ထမဏ္ဍိုင်ပင်ဖြစ် . . .

❖ ပြည်သူများ၏အသံကိုပီပြင်စေရန်နှင့် အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ရာတွင် မီဒီယာသည် အဓိကအရေးပါ...

➢ စာမျက်နှာ ၉ မှအဆက်

မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် သဇင်အသံလွှင့်ဌာနတို့သည် သတင်းမီဒီယာကျင့်ဝတ်ကို အလေးထားပြီး တိကျခိုင်မာသည့် သတင်းမှန်များအပေါ် မှန်ကန်မြန်ဆန်စွာ တင်ပြနိုင်ရန်ပြောင်းလဲတိုးတက်နေသည့် မီဒီယာလုပ်ငန်းစဉ်များအပေါ် ခေတ်နှင့်အညီ တီထွင်ကြံဆဖန်တီးကာ တပ်မတော်နှင့်ပြည်သူကို ဆက်လက်ပေါင်းကူးပေးပြီး တိုင်းပြည်တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ကအားထားပြီး ပြည်သူက အားကိုးယုံကြည်ရသည့် မီဒီယာအဖွဲ့အစည်းတစ်ခုဖြစ်အောင် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ တပ်မတော်အကျိုးတို့ကိုမျှော်မှန်း၍ ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏(၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်းတွင် **“ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် တပ်မတော်မှအားကိုးရသည့် လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏အသိပညာ၊ အတတ်ပညာစွမ်းပကားများကို တိုးတက်အောင်စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏အမျိုးသားရေးမူဝါဒဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့်ခရီးတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်သွားကြရန်လေးလေးနက်နက်တိုက်တွန်းလိုကြောင်း”** ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေရသည့် တပ်မတော်သားများသည် နေ့စဉ်ရက်ဆက်မပြတ် တပ်မတော်သားများနှင့် ပြည်သူများအတွက် အသိပညာဗဟုသုတနှင့်ရသတို့ကို ရရှိစေရေးအမြဲမပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအနေဖြင့် နိုင်ငံ၊ ပြည်သူနှင့် တပ်မတော်အတွက် ကောင်းမြတ်သည့်အစဉ်အလာနှင့်ကြီးမြတ်သည့် သမိုင်းကြောင်းတို့အား စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂-၄-၂၀၂၄ (အင်္ဂါနေ့)

၂-၄-၂၀၂၄ (အင်္ဂါနေ့)

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၆း၀၃ တရားတော်
၃။ ၇း၁၅ မေတ္တာပို့
၄။ ၇း၂၀ ခမ္မပူဇာတေး
၅။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆။ ၇း၄၅ မျိုးချစ်တပ်မတော်
၇။ ၈း၂၅ ဆောင်းပါးပေါ်က စာစုများ
၈။ ၁၂း၀၀ ၁၂ လရာသီမှတ်တမ်း
၉။ ၁၂း၂၅ ကျန်းမာသုတ
၁၀။ ၁၇း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၇း၅၀ ပြည်ချစ်သားမွန်တေးသဝဏ်

# သုတရသအလင်း ဖြန့်ကျင်းပေးသည် ကကပြည်

➢ ပြန်ကြားဖျော်ဖြေ ပညာပေးမှု
ရှက်ဆောင်ပြုသည့် “ကကပြည်”။
တပ်မတော်၏အင်အား
ဖွံ့ထွားစေသည်။
ရဲဘော်ရဲဘက်တိုင်းကိုအတည်
သစ္စာလေးလီစောင့်ထိန်းလျက်။
ယုံကြည်ချက် ခံယူချက်
လေးနက်စေအောင်ရှေးရှုအား
ပွားများဆောင်ရွက်။

➢ ပြန်ကြားဖျော်ဖြေ ပညာပေးမှု
ရှက်ဆောင်ပြုသည့် “ကကပြည်”။
တပ်မတော်၏စွမ်းဆောင်အား
ထင်ရှားစေရည်။
အများပြည်သူဆီ
သိစေရည်ကာထာဝရ။
ရေဒီယို ရုပ်မြင်သံကြား သတင်းစာ
မီဒီယာနည်းလမ်းပေါင်းစုံဖြင့်
ထုတ်လွှင့်ဖော်ပြ။

➢ ပြန်ကြားဖျော်ဖြေ ပညာပေးမှု
ရှက်ဆောင်ပြုသည့် “ကကပြည်”။
ပြည်သူတွေသတင်းအမှန်များ
သိပြားစေရည်။
အချိန်နှင့်တစ်ပြေးညီ
လှုံ့လတည်အားထုတ်လျက်
သတင်းဖြစ်ပွားရာအရောက်သွား၍
နေ့ညမနား မမောမပန်း
ကြိုးပမ်းမပျက်။

➢ ပြန်ကြားဖျော်ဖြေ ပညာပေးမှု
ရှက်ဆောင်ပြုသည့် “ကကပြည်”။
ရပ်တည်ကာ စွမ်းဆောင်ချက်
ထက်မြက်မွန်ရည်။
နေနှင့်လတို့ကမ္ဘာဆီ
လင်းရောင်ခြည်ပေးသည့်အလား။
နိုင်ငံတော်ပြည်သူနှင့်တပ်မတော်အကျိုး
ရှယ်ကိုးကာထာဝရ
သုတရသအလင်းတွေ
ဖြန့်ကျင်းလျက်သား။ ။

**မနောသစ်(ပခုက္ကူ)**

ရန်ကုန် ဧပြီ ၁

# ရွှေတိဂုံစေတီတော် သမိုင်းအချက်အလက်နှင့်လမ်းညွှန် Shwedagon Pagoda Digital Directory ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်

ရွှေတိဂုံစေတီတော် သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် Shwedagon Pagoda Digital Directory ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက် (ရာဟုထောင့်) အောင်မြေ၌ ကျင်းပသည်။






အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ဒုတိယဝန်ကြီးဦးအေးထွန်းနှင့် အလှူ့ကျသဘာပတိ ဦးသောင်းဝင်းတို့က အခမ်းအနားကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီ၊ ပုထိုးများဖြစ်သည့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်၊ ကျိုက်ထိုမြို့ ကျိုက်ထီးရိုးစေတီတော်၊ ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်နှင့် ပုဂံအာနန္ဒာစေတီ၊ နေပြည်တော်ဉပ္ပါတသန္တိစေတီတော်၊ မကွေးမြို့ မြသလွန်စေတီ၊ ပြည်မြို့ ရွှေဆံတော်စေတီနှင့် မြောက်ဦးမြို့ သျှစ်သောင်းဘုရား (၉)ဆူတို့အား Pagoda Digital Directory ပြုလုပ်ထားရှိရေး နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါလမ်းညွှန်မှာကြားချက်အရ မြန်မာနိုင်ငံရှိ အထင်ကရဘုရားများအား Pagoda Digital Directory အဖြစ် အဆင့်မြှင့်တင်ပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ် (မကွေး၊ ပြည်၊ တောင်ငူ၊ သထုံ)တို့ပူးပေါင်း၍ Pagoda Digital Directory Web Portal လွှင့်တင်နိုင်ရေး စတင်စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မေတ္တာရပ်ခံချက်အရ ပဲခူးမြို့ ရွှေမော်ဓောဘုရားကိုပါ ထပ်မံထည့်သွင်းဆောင်ရွက်ခဲ့သဖြင့် စုစုပေါင်း ၁၀ ဆူကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့အနေဖြင့် ယခုဖွင့်လှစ်သည့် Pagoda Digital Directory အား စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နောက်ထပ်လည်း မူလရည်ရွယ်ထားသည့် ၁၀ ဆူအပြင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တန်ခိုးကြီးဘုရားများကိုလည်း ဆက်လက်တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ တန်ခိုးကြီးဘုရားများအား ဆက်လက်တပ်ဆင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အဖွင့်မင်္ဂလာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဝမ်းမြောက်စကားပြောကြားပြီး ရွှေတိဂုံစေတီတော်ဆိုင်ရာ Pagoda Digital Directory ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးလှမြင့်က လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရွှေတိဂုံစေတီတော် သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် Station ကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးကြပြီး ဘုရားဖူးလမ်းညွှန်အား စမ်းသပ်အသုံးပြုကြကာ ဘုရားဖူးလမ်းညွှန် Shwedagon Pagoda Digital Directory Station ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရွှေတိဂုံစေတီတော်သမိုင်းအချက်အလက်နှင့် ဘုရားဖူးလမ်းညွှန် (Shwedagon Pagoda Digital Directory) ကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်(၈)ရပ်နှင့်အညီ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရင်ပြင်တော်အရပ်လေးမျက်နှာရှိ သတ်မှတ်နေရာအသီးသီးတွင် Station များတည်ဆောက်၍ အများပြည်သူစိတ်အေးချမ်းသာစွာ လေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့သည် ချမ်းသာကြီးတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ခေတ်အဆက်ဆက်က မှတ်တမ်းဓာတ်ပုံများ၊ ထူးခြားထင်ရှားနေရာဌာနများနှင့် ကြည်ညိုဖွယ်ရာပုံတော်များကို ဘုရားဖူးလာအများပြည်သူတို့ လေ့လာကြည့်ရှုကြည်ညိုပူဇော်နိုင်ရန်အတွက် "လောကကောင်းကျိုး သယ်ပိုးပြည့်စုံ မြတ်ရွှေတိဂုံ အမည်ရသည့် ဓာတ်ပုံပြပွဲ" တွင် ပြသထားသည့် ရွှေတိဂုံစေတီတော်သမိုင်းမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် လောကကောင်းကျိုးသယ်ပိုးပြည့်စုံ မြတ်ရွှေတိဂုံဓာတ်ပုံပြပွဲကို ယနေ့မှ ဧပြီလ ၄ ရက်အထိ စေတီတော်ရင်ပြင်မြောက်ဘက်(ရာဟုထောင့်) ချမ်းသာကြီးတန်ဆောင်း၌ နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

# စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စိစစ်သုံးသပ်ခြင်းအစည်းအဝေးကျင်းပ

စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စိစစ်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့် ရေနံဓာတ်ငွေ့ရည် LPG စက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်နေမှုများအပေါ် သေချာစွာစိစစ်သုံးသပ်ပြီး ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရေရှည်အစီအမံများ ချမှတ်၍ မိမိတို့ဝန်ကြီးဌာန၏ရည်မှန်းချက်တာဝန်များအကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် စိစစ်သုံးသပ်နိုင်ရေး ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

စွမ်းအင်ဝန်ကြီးဌာန၏ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကုန်းတွင်းနှင့် ကမ်းလွန်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းများကို မိမိတို့ဝန်ကြီးဌာနမှ ကိုယ်တိုင်ဆောင်ရွက်နေသလို နိုင်ငံတကာ ရေနံကုမ္ပဏီများနှင့်ပူးပေါင်း၍လည်းဆောင်ရွက်နေပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ခြင်းကို သုံးသပ်ကြည့်မည်ဆိုပါက ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေတွေ့ရှိခြင်းမရှိတော့သည်ကိုတွေ့ရှိရသဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်ရှာဖွေတွေ့ရှိနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ဓာတ်မြေသြဇာစက်ရုံများအနေဖြင့်လည်း အကန့်အသတ်ဖြင့်ရရှိသည့် သဘာဝဓာတ်ငွေ့များကိုအကျိုးရှိ ထိရောက်စွာအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ဓာတ်မြေသြဇာများထုတ်လုပ်နိုင်ရေး လက်ရှိစက်ရုံများ စနစ်တကျပြင်ဆင်မွမ်းမံသွားကြရန်လိုပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် လက်ရှိဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက်ကိုလည်း အစီအမံများချမှတ်ဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားသည်။



ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူတို့က စွမ်းအင်ဝန်ကြီးဌာန၏ရည်မှန်းချက်လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ စက်သုံးဆီဖူလုံရေးဆောင်ရွက်နေမှု၊ စနစ်တကျတင်သွင်းသိုလှောင်ဖြန့်ဖြူးမှု၊ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးဆောင်ရွက်နိုင်မှု၊ ပြည်တွင်းလိုအပ်ချက်အားဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်နိုင်မှု၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ရေနံချက်စက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများနှင့်ရေနံဓာတ်ငွေ့ရည် LPG စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး စီမံဆောင်ရွက်နေမှုတို့ကို သုံးသပ်တင်ပြခဲ့ကြပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် ပြည်ထောင်စုဝန်ကြီးတို့က ဖြည့်စွက်သုံးသပ်ဆွေးနွေးသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ တာဝန်ရှိသူများသည် In Person စနစ်ဖြင့်လည်းကောင်း၊ ရေနံမြေ၊ စက်ရုံ၊ အလုပ်ရုံနှင့် ပြည်နယ်/တိုင်းစစ်ဆေးရေးအရာရှိရုံးများ၊ ရေနံမြေတို့မှတာဝန်ရှိသူများသည် Virtual စနစ်ဖြင့် လည်းကောင်းတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

# မွေးမြူရေးသုတေသနဦးစီးဌာန၏ ဒုတိယအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန၏ ဒုတိယအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ သုတေသနစာတမ်းရှင်များနှင့် သုတေသီများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသည့် သုတေသနလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မွေးမြူရေးသုတေသနဦးစီးဌာနကို ဌာနအသစ်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့တွင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် စာတမ်းဖတ်ပွဲသည် မြန်မာနိုင်ငံ၏ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်ချက်များကို သုတေသီများ၊ ပညာရှင်များက ဖော်ထုတ်ဆွေးနွေးနိုင်ကြရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စာတမ်းဖတ်ပွဲတွင် သုတေသီအချင်းချင်း ပညာရပ်ဆိုင်ရာများ ဖလှယ်နိုင်သကဲ့သို့ ၎င်းတို့ဆောင်ရွက်မှုမှရရှိလာသည့် သုတေသနရလဒ်များကို တစ်နေရာတည်းတွင် စုစည်းဖော်ပြပေးခြင်းဖြင့် အခြားသောလုပ်ငန်းဆက်စပ်သူများအနေဖြင့် ရည်ညွှန်းကိုးကားအဖြစ် အသုံးချနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ နည်းပညာအရ သုတေသနဖော်ထုတ်တွေ့ရှိချက်များကို လက်တွေ့အသုံးချသုတေသနများအဖြစ် ပြောင်းလဲပြီး အမှန်တကယ်အသုံးချမည့် မွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ လက်ဝယ်ရောက်ရှိအောင် ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်း က စာတမ်းဖတ်ပွဲကျင်းပရခြင်းနှင့် စာတမ်းဖတ်ပွဲဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး စာတမ်းရှင်များက သုတေသနစာတမ်းများ ဖတ်ကြားတင်ပြကြရာ အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် မွေးမြူရေးသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲတွင် ဈေးကွက်ဝင်တန်ဖိုးမြင့်မွေးမြူရေးထုတ်ကုန်နှင့် လူသုံးမွေးမြူရေးထုတ်ကုန်များဆိုင်ရာ သုတေသနစာတမ်းနှစ်စောင်၊ ရေရှည်တည်တံ့စေမည့် မွေးမြူထုတ်လုပ်ရေးနည်းစနစ်ဆိုင်ရာ သုတေသနစာတမ်း ၁၆ စောင်၊ တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာ သုတေသနစာတမ်း ၂၁ စောင်၊ ကုန်းနေရေနေတိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ သုတေသနစာတမ်းရှစ်စောင်နှင့်မွေးမြူရေးအခြေပြု လူမှုစီးပွားရေးဆိုင်ရာ သုတေသနစာတမ်းနှစ်စောင် စုစုပေါင်းစာတမ်း ၄၉ စောင်ကို မွေးမြူရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ပညာရှင်များက တင်သွင်းဖတ်ကြားကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်အစာတောင့်ပြုလုပ်စက် လှူဒါန်းသည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကိုလည်းကောင်း၊ ငါးသွေးအချိုးအစားပါဝင်မှုတိုင်းတာစက် လှူဒါန်းသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကိုလည်းကောင်း၊ ဥဖောက်စက် လှူဒါန်းသည့် ပန်းသဇင်ကုမ္ပဏီလီမိတက်ကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးများက သုတေသနစာတမ်း အကဲဖြတ်အမှတ်ပေးအဖွဲ့နှင့် ဆုရစာတမ်းရှင်များကို မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

ပဲခူး ဧပြီ ၁

# ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းလေးသွယ်ပြည့်စုံကောင်းမွန်စေရေး ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်သွားရန် တိုက်တွန်းမှာကြား




ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၄)အား ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ယခင်က တောင်သူစိတ်ကြိုက် မိရိုးဖလာနည်းများအတိုင်း စိုက်ပျိုးခဲ့မှုအပေါ် မျိုး၊ မြေ၊ ရေ၊ နည်း ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် မိုးစပါး ၁၁ တင်း ပိုမိုထွက်ရှိခဲ့သည့်အပြင် ပဲမျိုးစုံအထွက်နှုန်းတိုးတက်ခဲ့ပြီး တောင်သူများကိုယ်တိုင် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရရှိလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး စက်မှုလယ်ယာစနစ်ပြောင်းလဲမှုအပေါ် များစွာသက်ရောက်မှု ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀ မျိုးအနက် ပန်းတိုင်အထွက်နှုန်းခြောက်မျိုးရရှိထားပြီးဖြစ်သော်လည်း ကျန်ရှိသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရန် မျိုး၊ မြေ၊ ရေ၊ နည်းလမ်းလေးသွယ် ပြည့်စုံကောင်းမွန်စေရေး ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်နှစ်သုံးသီးစိုက်ဇကများတွင် စိုက်ချိန်မှန်ကန်ရန်လိုအပ်ပြီး ဒေသတစ်ခုနှင့်တစ်ခုစိုက်ပျိုးမြေ၊ ရာသီဥတုမတူညီမှုများရှိသဖြင့် ရေမြေသဘာဝနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်းများအပြင် လက်တွေ့စံပြစိုက်ခင်းများလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နေကြာနှင့်ပျား တွဲဖက်ဆောင်ရွက်ရမည်ဖြစ်ပြီး အမှန်တကယ်နေကြာဖြစ်ထွန်းနိုင်သည့် ကိုင်းကျွန်းမြေများ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုးရေချိန်ရရှိမှုနည်းပါးသည့် ဒေသများရှိယာမြေများတွင် ပဲသီးနှံနှင့်အတူ ပဲစင်းငုံသီးနှံအား သီးညှပ်စိုက်ပျိုးသွားရမည်ဖြစ်ပြီး ပဲသီးနှံအတွက် ကြပ်စနစ်ပပျောက်စေရေး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲသီးနှံများအား အစေ့ချစိုက်ပျိုးနိုင်ရေး တန်ဖိုးနည်းပဲအမျိုးမျိုးအစေ့ချစက်များ ဒေသတွင်းထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီပေးလျက်ရှိကြောင်းနှင့် စိုက်ပျိုးသီးနှံအလိုက် ဒေသတွင်းစားသုံးမှုဖူလုံစေရေး၊ ပြည်ပတင်ပို့မှုဈေးကွက်ရရှိစေရေးနှင့်အတူ ပန်းတိုင်အထွက်နှုန်းရရှိရေး အထူးအလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှုကြောင့် စိုက်ပျိုးစွမ်းအားနှင့် သီးထပ်စွမ်းအားများ တိုးတက်လာမှုအခြေအနေနှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား Power Point ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက စိုက်စွမ်းအားပိုမိုတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် တင်ပြချက်များနှင့်ပတ်သက်၍ အကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

နေပြည်တော် ဧပြီ ၁

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၃၄-၃-၂၀၂၄ ရက် ည ၈ နာရီမှ ၃၁-၃-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၈၂၆၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၀ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၁

# ပဲတီစိမ်း၊ နှမ်းစပါး၊ မိုးစပါး စီမံကိန်းများအပေါ် သုံးသပ်အဖြေရှာခြင်းနှင့် ဝါသီးနှံ၊ မိုးစပါး စီမံကိန်းလုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

၂၀၂၃-၂၀၂၄ ခုနှစ် ပဲတီစိမ်း၊ နွေစပါး၊ မိုးစပါးစီမံကိန်းဆောင်ရွက်ခဲ့မှုအခြေအနေများအပေါ် အားသာချက်၊ အားနည်းချက်များကို သုံးသပ်အဖြေရှာခြင်းနှင့် ဆောင်ရွက်ဆဲဖြစ်သည့် ဆောင်းသီးနှံ၊ နွေစပါးစီမံကိန်းလုပ်ငန်းနှင့်ဆောင်ရွက်ဆဲဖြစ်သည့် ဝါသီးနှံနှင့် မိုးစပါးစီမံကိန်းလုပ်ငန်းများအပေါ် ကြိုတင်စီမံဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမအသင်းစုချုပ်များမှ ဥက္ကဋ္ဌများ၊ ဝါစိုက်ပျိုးထုတ်လုပ်သည့် မြို့နယ်များရှိ သမဝါယမဦးစီးအရာရှိများနှင့် သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းတွင် တောင်သူများ လိုအပ်သည့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အထွက်နှုန်းများလည်း တိုးတက်လာသည်ကိုတွေ့ရှိရပါကြောင်း၊ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းတွင်လည်း တောင်သူများလိုအပ်သည့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် နွေစပါးထွက်ရှိမှုအနေဖြင့် ယခင်နှစ်ထက် တစ်ဧကအထွက်နှုန်းပိုမိုထွက်ရှိကြသည်ကိုတွေ့ရှိရပါကြောင်း၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် အတွေ့အကြုံများရရှိပြီးဖြစ်ကြောင်း၊ အချို့မှာ ပန်းတိုင်အထွက်နှုန်းပြည့်မီသော်လည်း အချို့မှာ အထွက်နှုန်းလျော့နည်းမှုများရှိသည်ကို တွေ့ရှိရသည့်အတွက် အကြောင်းအရင်းများကို အဖြေရှာရန်လိုအပ်ကြောင်း။

ဆောင်ရွက်ဆဲဖြစ်သည့် နေကြာ၊ နှမ်း၊ မြေပဲ၊ ဆောင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး စီမံကိန်းနှင့်နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းတို့ကိုလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှရယူပြီး သွင်းအားစုများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် နေကြာကိုစနစ်တကျဖြင့် စိုက်ပျိုးနိုင်ရေးအတွက်နှုန်းတိုးမျိုးကို စိုက်ပျိုးပြီး အမှန်တကယ်လုပ်ဆောင်ပါက အထွက်နှုန်းများ ပိုမိုထွက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း။

ဝါစိုက်ပျိုးနိုင်မည့် မြို့နယ်များ၌ ဝါစိုက်ပျိုးသည့် သမဝါယမအသင်းများနှင့်တောင်သူများကိုစည်းရုံး၍ သမဝါယမအသင်းများဖွဲ့စည်းပြီး အဆိုပါအသင်းသားတောင်သူများပိုင် လယ်ယာမြေများနှင့် သမဝါယမအသင်းပိုင် လယ်ယာမြေများတွင် ဝါသီးနှံစိုက်ပျိုးနိုင်ရေးစည်းရုံး ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ဝါစိုက်ပျိုးရန်လိုအပ်သည့်ပံ့ပိုးငွေများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှရရှိနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးနိုင်ရေးအတွက် အထွက်နှုန်းတိုးသည့် ဝါမျိုးစေ့များအချိန်မီ ပံ့ပိုးပေးနိုင်ရေး၊ အထွက်နှုန်းတိုးသည့် ဝါမျိုးရရှိနိုင်ရေးဆောင်ရွက်ပေးရန်နှင့် သွင်းအားစုများကို အသင်းအဖွဲ့များမှ တိုက်ရိုက်ပေးပို့နိုင်ရေးလုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် အထွက်နှုန်းအတိုင်း ထွက်ရှိရန် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို ဖြည့်ဆည်းပေးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနများနှင့် ချိတ်ဆက်ပြီး စိုက်ကွင်းအရောက် အသိပညာပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၂၃-၂၀၂၄ ခုနှစ် ပဲတီစိမ်း၊ နွေစပါး၊ မိုးစပါးစီမံကိန်းဆောင်ရွက်ခဲ့မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီးတက်ရောက်လာသူများက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်နေသော ဆောင်းသီးနှံ၊ နွေစပါးစီမံကိန်းလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ဝါသီးနှံနှင့် မိုးစပါးစီမံကိန်းလုပ်ငန်းများအပေါ် ကြိုတင်စီမံဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လာမည့်မိုးစပါးရာသီတွင် စုပေါင်းဆောင်ရွက်၊ စုပေါင်းထုတ်လုပ်၊ စုပေါင်းရောင်းချသည့် သမဝါယမစနစ်ဖြင့်လုပ်ဆောင်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်ဆောင်ရွက်ကြရန် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

ရန်ကုန် ဧပြီ ၁

# MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ယှဉ်ပြိုင်ကစား



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် MNL League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

MNL League Cup 2024 ပြိုင်ပွဲကို မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမစတင်မီ အကြိုပြိုင်ပွဲဖြစ် မြန်မာနေရှင်နယ်လိဂ်၊ မြန်မာနေရှင်နယ်လိဂ်-၂ နှင့် အပျော်တမ်းကလပ်အသင်းများဖြင့် ကျင်းပခြင်းဖြစ်သည်။

MNL League Cup 2024 ပြိုင်ပွဲ အုပ်စု(C)အုပ်စုပွဲစဉ်များအဖြစ် ညနေ ၄ နာရီက University အားကစားကွင်းတွင် ကစားခဲ့သည့် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ဧရာဝတီယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ YUSC အားကစားကွင်းတွင်ကစားခဲ့သည့် ဆေးဗားလ်စတားအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက်အသင်းက ဆေးဗားလ်စတားအသင်းကို ၉ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အလားတူ အုပ်စု(D)ပွဲစဉ်အဖြစ် ညနေ ၃ နာရီ ၄၅ မိနစ်က ပဒုမ္မာအားကစားကွင်းတွင်ကစားခဲ့သည့် ရက္ခပူရယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ပွဲစဉ်တွင် မြဝတီအက်ဖ်စီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင်ကစားခဲ့သည့် ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ပွဲစဉ်တွင် ISPE အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**စည်သူအောင်**

---

ရန်ကုန် ဧပြီ ၁

# မျိုးဆက်သစ်အားကစားသမားများ ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ



မျိုးဆက်သစ် အားကစားသမားများ ထွက်ပေါ်ရေးရည်ရွယ်ကျင်းပသည့် ACE Badminton Tournament 2024 ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့နေ့လယ်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်စက်မှု(၄)လမ်းရှိ ACE Badminton Club ၌ ကျင်းပသည်။

ယင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲပြိုင်ပွဲများတွင် အသက် ၁၇ နှစ်၊ အသက် ၁၉ နှစ် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ၊ ဝါသနာရှင်တန်း၊ သာမန်တန်းအမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ၊ သက်လတ်တန်းနှစ်ယောက်ပေါင်း ၇၀ နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဗိုလ်လုပွဲပြိုင်ပွဲများအပြီးတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယရရှိကြသော အားကစားသမားများအား မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဦးအောင်ပိုင်၊ ACE Badminton Club မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဇောနှင့်တာဝန်ရှိသူများက ဆုတံဆိပ်များချီးမြှင့်ကြသည်။ အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှအသင်းများ၊ တက္ကသိုလ်ကျောင်းသားများ၊ ကလပ်များ၊ နယ်အသင်းမှ ကစားသမားများ စုစုပေါင်း ၁၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ်လ ၂၈ ရက်မှ ၃၁ ရက်အထိကျင်းပခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

● စာမျက်နှာ ၁၅ မှအဆက်

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ(ပထမဆု)နှင့် ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ(တတိယဆု)ရရှိသည့် ဒုတိယအရာခံဗိုလ်အစားခန့် ဒေါ်တင်ဇာအေးလွင်တို့က ဆုများအသီးသီးလက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ဂုဏ်ပြုချီးမြှင့်ငွေကို ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

**ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြဝတီတေးဂီတအဖွဲ့နှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့်သဘင်ဂီတ အနုပညာရှင်များပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။ ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့်ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား Signing Board တွင် အမှတ်တရလက်မှတ်ရေးထိုးကြပြီး နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပညာရေးပြခန်း၊ အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ပြခန်း၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ပြခန်း၊ အမှတ်(၁)တပ်မတော်အသံလွှင့်တပ်ပြခန်း၊ မြဝတီစာပေတိုက်ပြခန်း၊ မြဝတီသတင်းစာတိုက်ပြခန်းနှင့် ရတနာပုံသတင်းစာတိုက်ပြခန်းတို့အား လှည့်လည်ကြည့်ရှု၍ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အခမ်းအနားမှပြန်လည်ထွက်ခွာရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ ကွပ်ကဲမှုအောက်မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများ၊ တာဝန်ရှိသူများက နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဧပြီ ၁

## အစိုးရဓမ္မာစရိယစာမေးပွဲ(ပဉ္စမနေ့)ကျင်းပ

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၂၁၆၀ ပါး/ဦး အနက် ၉၅၇၄ ပါး/ဦးဖြေဆိုကြသဖြင့် ၇၈ ဒသမ ၇၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။

(သတင်းစဉ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

၁၃၈၅ ခုနှစ်(၂၀၂၄ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၁-၄-၂၀၂၄

ဖြေဆိုသည့်ဘာသာ၊ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(ပထမနေ့)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယ | ၁၂၁၆၀ | ၉၅၇၄ | ၂၅၈၆ | ၇၈. ၇၃ |

ပဲခူး ဧပြီ ၁

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှုအား ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်းပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် လေးမျက်နှာဘုရား(ကျိုက်ပွန်ဘုရား) အဝင်လမ်းနှင့် ဘုရားပရိဝုဏ်တို့၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများ သန့်ရှင်းရေးပြုလုပ်နေမှုနှင့် ခြင်ဆေးမှုတ်ခြင်းဆောင်ရွက်နေမှုတို့အား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဘုရားအဝင်လမ်း လမ်းဘေးဝဲ/ယာ စဉ်ဆက်မပြတ်သန့်ရှင်းသာယာလှပစေရေးနှင့် စိုက်ပျိုးထားသည့် အရိပ်ရသစ်ပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဘုရားတန်ဆောင်းများရှိ ဆီဆေး၊ ရေဆေးများ ပြန်လည်ဆေးသုတ်ရန်နှင့် သာသနာ့နယ်မြေအတွင်း ကျူးကျော်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်း(ဝဲ/ယာ)၊ အများနှင့်သက်ဆိုင်သော ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်း/တပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ၏ ပေါင်းစုအားဖြင့် အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

နတ်မောက် ဧပြီ ၁

## မြို့မဈေးအတွင်း၌ ကိုယ်ထူကိုယ်ထဈေးဆိုင်ခန်းများဆောက်လုပ်နေမှုကြည့်ရှုစစ်ဆေး

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့မဈေး တောင်ဘက်ဝင်ပေါက်၏ အနောက်ဘက်ခြမ်းရှိ ကိုယ်ထူကိုယ်ထဈေးဆိုင်ခန်းများ ဆောက်လုပ်နေမှုအခြေအနေများကို ဧပြီလ ၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကိုယ်ထူကိုယ်ထဈေးဆိုင်ခန်းများ ဆောက်လုပ်နေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးကော်မတီဝင်တို့က ဈေးဆိုင်ခန်း ၂၂ ခန်းအား Steel Structure များဖြင့် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာက ဆောက်လုပ်နေသည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

လှဝင်း

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၄-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၀ | ၂၈၆၅ | ၂၈၅၀ | ၂၈၃၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၀ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၀ | ၂၉၆၀ | ၂၉၈၅ | ၂၉၇၀ | ၂၉၄၅ | ၃၀၄၅ | ၃၀၆၀ | ၂၉၅၀ | ၂၉၇၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၂၃၀ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၀ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၅ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား Signing Board တွင် အမှတ်တရလက်မှတ်ရေးထိုးစဉ်။

❖ တပ်မတော်မှ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာမည့် မည်သည့်အန္တရာယ်မျိုးမဆို ကာကွယ်နေချိန်တွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် တပ်မတော်မှ အားကိုးရသည့် လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏ အသိပညာ၊ အတတ်ပညာစွမ်းပကားများကို တိုးတက်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက် . . .

**● စာမျက်နှာ ၁၇ မှအဆက်**

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့များသည် တပ်ဖွဲ့၏ရည်မှန်းချက် တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာထမ်းဆောင်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့်အသိပညာများနှင့်တတ်ကျွမ်းရမည့် အတတ်ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာနေကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး တပ်ဖွဲ့ဝင်များပီပီ နိုင်ငံတော်၏အမျိုးသားရေးမူဝါဒများကို လေးနက်စွာခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးပါ နိုင်ငံချစ်စိတ်ပိုမိုမြင့်မားလာစေရေး၊ အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်များ ပိုမိုတိုးတက်လာစေရေးတို့ကို တစိုက်မတ်မတ်ကြိုးပမ်းထမ်းရွက်သွားကြရန်လိုကြောင်းကို အလေးအနက်ထား တိုက်တွန်းလိုကြောင်း။

တာဝန်များကို ထမ်းဆောင်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၏ ပင်ကိုပါရမီနှင့် အသီးသီး သင်ကြားတတ်မြောက်ထားသည့် စာပေ၊ ဂီတ၊ အနုပညာ၊ မီဒီယာဆိုင်ရာ အတတ်ပညာရပ်များဖြင့် တပ်မတော်သားများနှင့် တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေး၊ တပ်တွင်းစည်းလုံး ညီညွတ်ရေး၊ ရှေ့တန်းရောက်တပ်မတော်သားများ၏ တိုက်ပွဲဝင်စိတ်ဓာတ်များရှင်သန်နိုးကြားစေရေးတို့အတွက်လည်း သမိုင်းအဆက်ဆက်မှ ယနေ့ထက်တိုင်ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို တွေ့မြင်နေရဆဲဖြစ်ကြောင်း။

အနုသုခုမနှင့်သာမက တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများ အသီးသီးကလည်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ မကြာခင်စစ်မှုထမ်းကြတော့မည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း တိုင်းချစ်ပြည်ချစ်စိတ်၊ နိုင်ငံတော်ကာကွယ်လိုစိတ် ထာဝရကိန်းအောင်းသွားစေရေးဆောင်ရွက်သွားရန် လိုသကဲ့သို့ နောင်တာဝန်ထမ်းဆောင်ကြမယ့် မျိုးဆက်သစ်နိုင်ငံသားများကိုလည်း နိုင်ငံတော်အတွက်တာဝန်ထမ်းဆောင်ကြမည်ဟူသည့် ခံယူချက်မျိုးဖြစ်လာရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များသည် စာပေ၊ ဂီတ၊ မီဒီယာ စသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် အနုပညာဆိုင်ရာသဘောသဘာဝ အပေါ်အခြေခံပြီး ဖွဲ့စည်းထားသည့်တပ်ဖွဲ့များဖြစ်သောကြောင့် တပ်ဖွဲ့တွင်းစည်းလုံး ညီညွတ်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ ပေးအပ်လာသည့် တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကိုအဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန်လိုကြောင်း၊ မှန်ကန်သည့်အသိ၊ ခိုင်မာသည့် ခံယူချက်ကောင်းများနှင့် မိမိတို့ကိုယ်စီတတ်မြောက်ကျွမ်းကျင်ထားကြသည့် အတတ်ပညာစွမ်းအားများ ပေါင်းစပ်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အမျိုးသားရေးအားမာန်များ ပိုမိုခိုင်မာလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။**

**ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များ၏ သမိုင်းနှင့်အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး တပ်ဖွဲ့၏မူလရည်မှန်းချက် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် နိုင်ငံတကာရေးရာနှင့် မျက်မှောက်ခေတ်အခြေအနေများကို မျက်ခြည်မပြတ်လေ့လာနေကြရမည်ဖြစ်**ကြောင်း၊ တပ်မတော်မှ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် မည်သည့်အန္တရာယ်မျိုးမဆို ကာကွယ်နေချိန်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် တပ်မတော်မှအားကိုးရသည့် လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏အသိပညာ၊ အတတ်ပညာစွမ်းပကားများကို တိုးတက်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားအားလုံး၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့်ခရီးတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်သွားကြရန် လေးလေးနက်နက် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

### ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ကျောင်းများမှ နိုင်ငံတော်အဆင့်ပြည်တွင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၃ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် “စောင်နီလေးတစ်ထည်” ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင် ဒါရိုက်တာဆုရရှိခဲ့သည့် ဗိုလ်မှူးတင်အောင်စိုး၊ ၂၀၂၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု စာပဒေသာ(ပထမဆု)ရရှိသည့် ဗိုလ်ကြီးနေထွဋ်အောင်၊ ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် **စာမျက်နှာ ၁၄ သို့ ●**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကိုလှည့်လည်ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက နှစ်ပတ်လည်နေ့အထိမ်းအမှတ်လက်ဆောင်ကိုဂါရဝပြုပေးအပ်စဉ်။

❖ လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ခရီးသည် ယနေ့ဆိုပါက (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်၊ ရှည်လျားသည့်သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သော ဇွဲ လုံ့လ ဝီရိယတို့နှင့် နိုင်ငံတော်နှင့်တပ်မတော်က ပေးအပ်လာသည့်တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူအသိအမှတ်ပြု. . .

❖ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များပီပီ နိုင်ငံတော်၏အမျိုးသားရေးမူဝါဒများကို လေးနက်စွာခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါ နိုင်ငံချစ်စိတ်ပိုမိုမြင့်မားလာစေရေး၊ အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်များပိုမိုတိုးတက်လာစေရေးတို့ကို တစိုက်မတ်မတ်ကြိုးပမ်းထမ်းရွက်. . .

❖ အနသုခမနင့်သာမက တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်းများအသီးသီးကလည်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်. . .

● ကျောဖုံးမှအဆက်

## လှိုက်လှဲနွေးထွေးစွာကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများ၊ တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်ပတ်လည်နေ့အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇရုပ်စုံစာစောင်နှင့်မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင် ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးပြီး Amuze Webtoon Application



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့်ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

တွင်ထည့်သွင်းခြင်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများက **"အောင်လံလွှင့်ချီ ကာကာပြည်"** တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး (၇၇)နှစ်မြောက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး နှစ်ပတ်လည်နေ့မှတ်တမ်းဗီဒီယိုကိုပြသသည်။

အဆိုပါကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် "စောင်နီလေးတစ်ထည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိခဲ့သည့် ဗိုလ်မှူးတင်အောင်စိုးအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ(ပထမဆု)နှင့် ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး) စန္ဒရားအတီးပြိုင်ပွဲ(တတိယဆု) ရရှိသည့် ဒုတိယအရာခံဗိုလ်အစားခန့် ဒေါ်တင်ဇာအေးလွင်အား ဆုပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့်သဘင်ဂီတအနုပညာရှင်များပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနုပညာရှင်များနှင့်ဖျော်ဖြေရေးအဖွဲ့များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက မြန်မာ့တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့၏ခရီးသည် ယနေ့ဆိုပါက (၇၇)နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရှည်လျားသည့် သမိုင်းခရီးတစ်လျှောက် မဆုတ်မနစ်သောဇွဲ လုံ့လ ဝီရိယတို့နှင့် နိုင်ငံတော်နှင့်တပ်မတော်ကပေးအပ်လာသည့်တာဝန်များကို ကျရာအခန်းကဏ္ဍမှကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအားလုံး၏ စွမ်းဆောင်နိုင်ခဲ့မှုများအတွက် ဂုဏ်ယူအသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

**ပြည်သူ့ဆက်ဆံရေး(Public Relation) ဆိုသည်မှာ စစ်ဘက်-နယ်ဘက်ဆက်ဆံရေးအထိ သက်ရောက်မှုရှိသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့်တည်ဆောက်ခြင်း၊ ပြည်သူကြားက မွေးဖွားလာသော တပ်မတော်နှင့်ပြည်သူကို တစ်သားတည်းဖြစ်စေခြင်းဆိုသည်အထိ စွမ်းပကားရှိ**ကြောင်း၊

**စာမျက်နှာ ၁၅ သို့** ●

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW April 1

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives H.E. Mr. Deng Xijun, Special Envoy for Asian Affairs of Ministry of Foreign Affairs of People's Republic of China



Senior General Min Aung Hlaing shakes hands with Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of the People's Republic of China.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received H.E. Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of the People's Republic of China at the Ministry of Foreign Affairs, at the SAC Chairman's Office in Nay Pyi Taw this morning.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Than Swe, National Solidarity and Peacemaking Negotiation Committee Chairman Lt-Gen Tun Tun Naung and officials. Mr. Deng Xijun was accompanied by officials from the Chinese Embassy to Myanmar.

Both sides discussed the State's efforts for conducting peace talks with ethnic armed groups for the border region and internal stability, and Chinese assistance in the peace process, bilateral cooperation for drug prevention and the elimination of online gambling and fraud, border trade matters and the political developments in Myanmar.

After the meeting, the Senior General and Mr. Deng Xijun posed for a documentary photo with those in attendance.

**100**



Senior General Min Aung Hlaing receives Mr. Deng Xijun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of the People's Republic of China.

AGRICULTURE

# Tamu District harvests more than 40,000 acres of monsoon paddy

The statistics of Tamu District Agriculture Department stated that local farmers have so far harvested 48,736 acres of monsoon paddy in Tamu District of Sagaing Region.

Starting from October 2023, a total of 48,736 acres of monsoon paddy has been harvested in the district in 2023-2024 financial year, securing 80.95 baskets per acre of paddy.

"Local farmers have so far harvested all monsoon paddy with high per-acre yield. Agricultural staff members assist in local farmers in agricultural techniques, prevention of pesticides and loss of crops, and keeping harvested paddy under shelter," said U Hla Myint, Head of District Agriculture Department.

In the district, Myothit Township has harvested 12,861 acres of monsoon paddy, Tamu Township 14,807 acres and Khampat 21,068 acres, totalling 48,736 acres.

In monsoon of 2023-2024 FY, the district earmarked cultivation of 49,472 acres of monsoon paddy.

The district cultivated 49,472 acres of monsoon paddy from June to September in 2022-2023 FY.

Relevant township agriculture departments help local farmers apply new agricultural techniques, grow quality strains of paddy and use natural fertilizers.

In 2022-2023 FY, the district earmarked cultivation of 87 acres of summer paddy but local farmers planted three acres of monsoon paddy from February to September.

**SK**

BUSINESS

# Myinmu and Madaya tomato sales skyrocket in Mandalay

Sales of tomatoes from Myinmu and Madaya areas are good in the Thiri Marlar Green Wholesale Market in Aungmyethazan District, Mandalay, according to the tomato wholesale centers in the market.

"These tomatoes (locally called Taiwan tomatoes) are currently coming from Myinmu and Madaya areas, and 10 to 12 6-wheeled vehicles regularly enter the Thiri Marlar Green Market in Mandalay. The price of tomatoes is Ks-200 to Ks-250 per viss, and the business is good," said U Aung Moe Naing, the owner of Aung Wholesale Center in Mandalay.

"There are a lot of tomatoes produced along the Mu River. The transactions are good and the prices are good. Other crops also have high demand," he said.

At present, tomatoes produced from the areas along the Mu River such as Myinmu and Madaya areas are being sold with good deals. The remaining crops such as cauliflower, cabbage, potatoes, mustard and turnips are also being sold with good sales. **SMK**



BUSINESS

## Labutta locals ship 82,000 tons of river catfish to Yangon in February



"Up to 82,000 tons of river catfish were shipped from Labutta Township, Ayeyawady Region, to the Yangon market in February," said Daw Win Win Maw, the owner of a trade fair for fishery products in Labutta Township.

The business owners of fishery products from Labutta Township have been selling fishery products including river catfish to the Yangon market. It is reported that they were able to sell up to 59,000 tons of river catfish from Labutta Township to the Yangon market in January, 2024 and from February 1 to 29, they were able to sell up to 82,000 tons of river catfish.

"We have sold many more river catfish than January. All fishery products from Labutta Township are being sold to the Yangon market. During the past month and now, the Yangon side has been doing good trading of fishery products. River catfish are being traded briskly in the domestic market. As the sale increases, those in the river catfish industry are comfortable," she said. **SK**

BUSINESS

## Green areca nut prices slight increase in the market

Low stock, short supply and purchasing from China are the reasons for the slight increase in green areca nut prices, according to the market.

"Young betel nut price is now slightly increasing. It varies from day to day. The price has changed three times in the last few days. The reason is the lower stock. Then the price goes up. As buyers rush to buy amidst the low stock, there is fluctuation in the market opening price rather than a rise in price. In later days, it is expected to fall again," said a betel nut shop owner from Myaungmya Township.

Currently, young areca nuts in the market are produced by Myaungmya, and there are some products from Mawlamyine, Dawei, and Ye townships.

The wholesale price has recently changed, and it has become Ks-3,300-Ks-3,600, compared to Ks-2,900-Ks-3,200 per viss of betel nuts.

There are some Chinese buyers for green areca nuts (locally called juicy betel nut), which are cured by heating and drying before export. Green areca nut is a new market that has recently emerged for the benefit of areca palm farmers, and the nuts are harvested young rather than waiting for them to mature. **SK**

AGRICULTURE

# Kyaukmyaung Sub-Township cultivates more than 6,000 acres of pulses and beans this winter

According to the Kyaukmyaung Sub-Township Agriculture Department stated that Kyaukmyaung Sub-Township of Shwebo Township in Sagaing Region has so far grown 6,475 acres of pulses and beans this winter.

The sub-township earmarked cultivation of 6,391 acres of pulses and beans this winter of 2023-2024 financial year, but it has grown 6,475 acres of pulses and beans exceeding the target cultivation.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department said, "Local farmers cultivated more than 6,400 acres of pulses and beans exceeding the target cultivation of 6,300 acres. Agricultural staff help them systematically use quality strains of beans and apply the techniques of pesticides."

The sub-township planted 1,291 acres of black bean, 1,014 acres of butter bean, 2,875 acres of blue lunatus bean, 411 chick pea, 57 rice bean, 225 white lima bean and 602 acres of lima bean, totalling 6,475 acres.

In winter crop cultivation time of 2023-2024 financial year, the sub-township earmarked 1,265 acres of black bean, 1,015 acres of butter bean, 2,872 acres of blue lunatus bean, 330 acres of chick pea, 57 acres of rice bean, 250 acres of white lima and 602 acres of lima, totalling 6,391 acres.

The Agriculture Department assists local farmers in growing quality strains of beans, applying proper agricultural methods and systematically use fertilizers for having high per-acre yield. **SMK**

From Page - 21

sholical warfare is capable of building the Tatmadaw (Army, Navy and Air) with morale to be one with the people as the Tatmadaw was born of the people. Public relations and psychological warfare units have to always study appropriate knowledge and technologies for successfully serving public relations, psychological measures, educational and organizational processes which are missions of the corps. But, servants from the public relations and psychological warfare corps were urged to steadfastly serve their assigned duties to further enhance patriotism, national belief and perceptions of Tatmadaw members, families and entire people.

It can be seen that members of the corps accepting the national policies of the State are serving their duties for enhancement of education standard of Tatmadaw members and families, ensuring military unity, and sharpening fight spirit of Tatmadaw members in frontlines by applying their talent and skills in literature, music, fine arts and media techniques.

All combat organizational training schools have to emphasize enhancement of fighting spirit of all Tatmadaw members through fine arts performances as well as organizational training. It is necessary to foster patriotism and spirit of defending the State in mindsets of newly recruited persons who will serve people's military services in the future while training new generation citizens who will serve military service in the future.

As corps of public relations and psychological welfare are units formed with intellectuals and technicians based on artistic nature, unity in the units is important. It is necessary to perform assigned duties responsibly pivoting not on strengths of individuals but on team work. Efforts must be made to consolidate national pride of the country, the Tatmadaw and the entire national people by integrating correct consciousness and firm convictions and power of skills each one of you has learnt.



Senior General Min Aung Hlaing signs the guest's book.



Senior General Min Aung Hlaing presents honorary cash award.

The units are required to study international and contemporary affairs without losing sight to preserve their history and fine traditions and to accomplish their original mission. While the Tatmadaw has been protecting the country and the people from any danger, each and every member of the units are required to exert efforts constantly to improve their knowledge and skills so that public relations and psychological warfare units can become corps that can be relied on by the Tatmadaw. All units are earnestly urged to contribute to the future journey of the country by upholding Our Three Main National Causes, which is the national policy of the country and the people.

**Honorary awards presented to outstanding staff**

Then, the Senior General presented cash rewards to prize winners from schools under the supervision of the Directorate of Public Relations and Psychological Warfare and national-level local competitions including Major Tin Aung Soe, who won the best director award with "A Red Blanket" in the 2023 Myanmar Academy Award Ceremony, Captain Nay Htut Aung, who won the Sarpay Beikman Manuscript Award (First Prize) in 2022, WO-II substitute Daw Tin Zar Aye Lwin, who won the first prize in the xylophone competition in the second-grade amateur level (female) category and the third prize in the piano competition in the first-grade amateur level (female) category in the 24th Traditional Cultural Performing Art Competitions (2023).

Afterward, the Senior General accepted the gifts commemorating the anniversary of the corps presented out of respect by the director of the Directorate of Public Relations and Psychological Warfare. Then, the Senior General presented cash rewards for the 77th Anniversary of the Directorate of Public Relations and Psychological Warfare to the director.



Senior General Min Aung Hlaing presents prize to a winner.

**Honorary entertainment programs enjoyed**

Afterward, the Senior General and party enjoyed the entertainment programs commemorating the 77th Anniversary of the Directorate of Public Relations and Psychological Warfare presented by male and female personnel from the units under the Directorate of Public Relations and Psychological Warfare in cooperation with artists, film stars and theatrical artists. After the entertainment programs, the Senior General presented an honorary bouquet for artists and entertainment troupes.

After the ceremony, the Senior General and party signed the book commemorating the anniversary at the signing booth and viewed round the educational booth, the booths of the No (1) Tatmadaw TV Broadcasting Unit and No (2) Tatmadaw TV Broadcasting Unit, the booth of No (1) Tatmadaw Broadcasting Unit, the booth of the Myawady Publishing House and the booths of the Myawady Daily and Yadanabon Daily, all of which were organized in commemoration of the anniversary, and gave necessary instruction after asking about matters of interest.

Then, the Senior General signed the guest book of No (2) Tatmadaw TV Broadcasting Unit and left the ceremony while officials and staff of the MWD under the Directorate of Public Relations and Psychological Warfare were saying farewells.

100

NAY PYI TAW April 1

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing attends 77th Anniversary of Directorate of Public Relations and Psychological Warfare of Office of Commander-in-Chief (Army)




Senior General Min Aung Hlaing addresses the 77th Anniversary of Directorate of Public Relations and Psychological Warfare.

The Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) marked the 77th Anniversary celebration at the No 1 Tatmadaw TV broadcasting unit in Taungnyo of Ottarathiri Township of Nay Pyi Taw Council Area this afternoon, with an address by Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

**Warmly welcome**

On arrival at the No 2 TV Broadcasting Unit, the Senior General and party were warmly welcomed by Director of Public Relations and Psychological Warfare Maj-Gen Zaw Min Tun and party, staff of Myawady TV and officials.

At the ceremony, the Senior General launched Amuze Webtoon Application bearing Teza journal and Aurora journal published by Myawady Literature House through digital technology and viewed the video clip on the launching of application.

Staff of Myawady TV performed a song **"victorious flag of DPRPW"** and presented a documentary video clip of the directorate.

The ceremony was also attended by Chief of the General Staff (Army, Navy and Air) General Maung Maung Aye, Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, Commander-in-Chief (Air) General Tun Aung, the Council Joint Secretary and council members, Union-level dignitaries, senior military officers from the Office of the Commander-in-Chief, deputy ministers, retired senior military officers from the directorate, officials from the Ministry of Information, Myanmar Press Council, Myanmar Music Association, Myanmar Motion Pictures Organization and Myanmar Comedians' Association, prize winning Tatmadaw members and substituted staff from unit and training schools in the national-level contests and guests.



Senior General Min Aung Hlaing visits a commemorative booth.

**Speaking words of honour**

In his speech, the Senior General said that the public relations and psychological warfare corps who had conceived together with the Myanmar Tatmadaw since independence struggle turns 77 years. The Senior General recognized all Tatmadaw members for their dutiful service assigned by the State and Tatmadaw with perseverance and diligence and relentless efforts in its long history.

Public Relations affects military-civilian relations and phy-

See Page - 20

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

မော်စကို၊ စီးပွားရေး

# ယူကရိန်းအပေါ်တင်ရှိနေသည့် ကြွေးမြီများအား အနောက်နိုင်ငံများက ဖြေလျှော့ပေးခြင်းမရှိပါက ယူကရိန်းဒေဝါလီခံရဖွယ်ရှိဟု ကမ္ဘာ့ဘဏ်ပြော




အနောက်နိုင်ငံများက ယူကရိန်းအပေါ်တင်ရှိနေသည့် ကြွေးမြီများအား ဖြေလျှော့ပေးခြင်း သို့မဟုတ် ပြန်လည်သတ်မှတ်ပေးခြင်းမရှိပါက ယူကရိန်းနိုင်ငံသည် လာမည့်နှစ်အစောပိုင်းခန့်တွင် ဒေဝါလီခံရနိုင်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူတစ်ဦးက TASS သတင်းဌာနသို့ ပြောသည်။

ယူကရိန်းနိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေသည် ဆိုးရွားသည့်အခြေအနေတွင်ရှိနေပြီး အနောက်နိုင်ငံများမှပေးအပ်သည့် ငွေကြေးအကူအညီများအပေါ် အဓိကအမှီသဟဲပြုနေရကြောင်း၊ သို့သော်အနောက်နိုင်ငံများမှပေးအပ်သည့် ငွေကြေးအကူအညီများသည် မကြာမီကာလအတွင်း လျော့ကျလာခဲ့ကြောင်း ကမ္ဘာ့ဘဏ်မှ အမည်မဖော်လိုသူ အဆိုပါတာဝန်ရှိသူကပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း၌ပြောကြားထားသည်။ အမေရိကန်အစိုးရက ယူကရိန်းသို့ အကူအညီအဖြစ် ဒေါ်လာ ၆၀ ဘီလီယံပေးအပ်ရန် သဘောတူညီထားသော်လည်း ယင်းအကူအညီမှာ လက်ရှိတွင် အမေရိကန်ကွန်ဂရက်လွှတ်တော်ကြောင့် ယူကရိန်းသို့ ပေးအပ်နိုင်ခြင်းမရှိသေးပေ။

ထို့ပြင် အနောက်နိုင်ငံများက ယူကရိန်းမှ ရရှိရန်ကျန်ရှိနေသည့် ကြွေးမြီများအား လာမည့် ၂၀၂၅ ခုနှစ်အတွင်း ဖြေလျှော့ပေးခြင်း သို့မဟုတ် လျှော်ပစ်ခြင်းမရှိပါက ကမ္ဘာ့ဘဏ်အနေဖြင့် ယူကရိန်းနှင့်ပူးပေါင်းဆောင်ရွက်ရန် အလွန်ခက်ခဲလာနိုင်သည့်အပြင် ယူကရိန်းနိုင်ငံမှာလည်း ဒေဝါလီခံရနိုင်ဖွယ်ရှိကြောင်းသိရသည်။

ကမ္ဘာ့ဘဏ်သည် ယူကရိန်းသို့ အကူအညီများပေးအပ်နေသည့် အလှူရှင်နိုင်ငံများဖြစ်သည့် ဗြိတိန်နှင့်ဂျပန်တို့၏အာမခံချက်ဖြင့် ယူကရိန်းသို့ချေးငွေအဖြစ် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကို နောက်ဆုံးပေးအပ်ထားပြီးဖြစ်သည်။

ယူကရိန်းအနေဖြင့် ကမ္ဘာ့ဘဏ်မှ ပေးအပ်သည့် ချေးငွေများကို နိုင်ငံအတွင်းလူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် ဒန်းနစ်စ်ရှမီဂယ်လ်က ပြောကြားခဲ့ကြောင်းသိရသည်။ ***Ref: RT***

ဂျေရုဆလင်၊ စစ်ရေး

# အီရတ်မှ လွှတ်တင်လိုက်သည့် မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် အစ္စရေးရှိ အဆောက်အအုံတစ်ခုပျက်စီး




အီရတ်နိုင်ငံအတွင်းမှ လွှတ်တင်လိုက်သည့် မောင်းသူမဲ့လေယာဉ်တစ်စင်း၏ တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံ ပင်လယ်နီအပန်းဖြေမြို့တော်ရှိ အဆောက်အအုံတစ်ခု အနည်းငယ်ပျက်စီးသွားကြောင်း အစ္စရေးစစ်ဘက်က ထုတ်ပြန်သည်။

အဆိုပါမောင်းသူမဲ့လေယာဉ်သည် အီလက်အပန်းဖြေမြို့အတွင်းသို့ ဧပြီလ ၁ ရက်တွင် တိုက်ခိုက်ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူမရှိသော်လည်း အဆောက်အအုံတစ်ခုမှာ အနည်းငယ်ပျက်စီးသွားကြောင်း အစ္စရေးစစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီလက်မြို့အတွင်း တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် ယင်းတိုက်ခိုက်မှုသည် ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း အီရတ်ရှိ အီရန်နိုင်ငံအတွက် ကိုယ်စားစစ်ပွဲဆင်နွှဲနေသည့် စစ်သွေးကြွအဖွဲ့ကအတည်ပြုပြောကြားခဲ့ကြောင်းသိရသည်။ ယင်းတိုက်ခိုက်မှုအတွင်း အစ္စရေး၏အရေးကြီးပစ်မှတ်တစ်ခုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းစစ်သွေးကြွအဖွဲ့က ဆက်လက်ပြောကြားထားသည်။ မောင်းသူမဲ့လေယာဉ်သည် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အီလက်ပင်လယ်အော်အတွင်းသို့ ပြုတ်ကျသွားသည်။

မောင်းသူမဲ့လေယာဉ်သည် အစ္စရေးနိုင်ငံဝေဟင်ပိုင်နက်အတွင်းသို့ ဂျော်ဒန်နိုင်ငံမှတစ်ဆင့်ဝင်ရောက်လာခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုမှာ အီရတ်နိုင်ငံအတွင်းရှိ စစ်သွေးကြွအဖွဲ့၏ လက်ချက်ဖြစ်ကြောင်း အစ္စရေး Ynet သတင်းဌာနကလည်း အတည်ပြုပြောကြားခဲ့သည်။

အီရတ်နိုင်ငံအတွင်းရှိ စစ်သွေးကြွအဖွဲ့သည် မကြာသေးမီလများအတွင်းကလည်း အလားတူတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သော်လည်း ယင်းတိုက်ခိုက်မှုများကိုအစ္စရေးစစ်ဘက်က ကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်းသိရသည်။

***Ref; Xinhua, Allisrael***

နယူးဒေလီ၊ သဘာဝဘေး

# အိန္ဒိယနိုင်ငံ အရှေ့ပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အနည်းဆုံးလူငါးဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိ



အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အနောက်ဘင်္ဂါလီပြည်နယ်တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အနည်းဆုံးလူငါးဦးသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ဧပြီလ ၁ ရက်တွင် ထုတ်ပြန်သည်။

လေဆင်နှာမောင်းတိုက်ခတ်မှုသည် ဂျာပါအီဂူရီခရိုင်အတွင်းရှိ နေရာအများအပြားသို့ မတ်လ ၃၁ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၀ မိနစ်အချိန်ခန့်က ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သစ်ပင်များအမြစ်မှလန်ထွက်သွားခဲ့သည့်အပြင် နေအိမ်အများအပြား ပျက်စီးသွားကြောင်း သိရသည်။

ယင်းနောက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ ရဲတပ်ဖွဲ့နှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူများကို လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ရာဒေသများသို့ ပို့ဆောင်ပေးခဲ့ကြောင်း အနောက်ဘင်္ဂါလီပြည်နယ်ဝန်ကြီးချုပ် မာမာတာ ဘာနာဂျီကပြောကြားထားသည်။

လေဆင်နှာမောင်းတိုက်ခတ်ခြင်း၏ သက်ရောက်မှုသည် အနီးအနားရှိခရိုင်များသို့ပါ ပျံ့နှံ့သွားခဲ့ကြောင်းသိရသည်။

***Ref: Xinhua***

တိုကျို၊ နိုင်ငံရေး

# အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝိုဆူဗြန်တို ဂျပန်နိုင်ငံသို့သွားရောက်မည်

အင်ဒိုနီးရှားသမ္မတအဖြစ် ရွေးချယ်ခံထားရသည့် ပရာဘိုဝိုဆူဗြန်တိုသည် ဂျပန်နိုင်ငံသို့ ဧပြီလ ၂ ရက်မှ ၃ ရက်အထိသွားရောက်လည်ပတ်မည်ဖြစ်ပြီး ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အခြေခံစည်းမျဉ်းများနှင့် စံတန်ဖိုးများကို ဝေမျှဖလှယ်လျက်ရှိသည့် မဟာဗျူဟာမြောက်လုပ်ဖော်ကိုင်ဖက်နိုင်ငံများဖြစ်ပြီး သမ္မတသစ် ပရာဘိုဝို ဆူဗြန်တို၏ ဂျပန်ခရီးစဉ်သည် နှစ်နိုင်ငံကြားကဏ္ဍစုံပူးပေါင်းဆက်ဆံမှုများကို ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဧပြီလ ၁ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝို ဆူဗြန်တိုသည် ၎င်း၏ ဂျပန်နိုင်ငံခရီးစဉ်မတိုင်မီ တရုတ်နိုင်ငံသို့ဧပြီလ ၁ ရက်တွင်သွားရောက်၍ သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ ကြောင်း သိရသည်။ ပရာဘိုဝို ဆူဗြန်တိုသည် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတဂျိုကိုဝီဒိုဒိုကို အနိုင်ရရှိပြီးနောက် ၎င်း၏ ပထမဆုံးသောပြည်ပခရီးစဉ်များကို စတင်ခဲ့ခြင်းဖြစ်သည်။

သမ္မတသစ် ပရာဘိုဝို ဆူဗြန်တိုသည် အင်ဒိုနီးရှားအထူးတပ်ဖွဲ့မှ တပ်မှူးဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိကာကွယ်ရေးဝန်ကြီးတာဝန်ကိုပါ ထမ်းဆောင်နေသူဖြစ်ရာ ၎င်း၏ ဂျပန်နိုင်ငံခရီးစဉ်အတွင်း ဂျပန်ကာကွယ်ရေးဝန်ကြီး မီနိုရူကီဟာရာနှင့်လည်း တွေ့ဆုံဆွေးနွေးရန်စီစဉ်ထားကြောင်း ဂျပန် Jiji သတင်းဌာနက ထုတ်ပြန်သည်။

ဂျပန်အစိုးရသည် အင်အားကြီးထွားလာပြီး လွှမ်းမိုးမှုချဲ့ထွင်လာသည့် တရုတ်နိုင်ငံအား တန်ပြန်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကြိုးပမ်းလာစဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံသည် ကာကွယ်ရေးပစ္စည်း လွှဲပြောင်းပေးရေး သဘောတူညီချက်တစ်ရပ်ကို ၂၀၂၁ ခုနှစ်အတွင်းက ဂျပန်နိုင်ငံနှင့်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

***Ref: ST***

နေပြည်တော် မေ ၁

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၈၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီ၊ ဦးကျော်မျိုးထွဋ်၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဖွဲ့ဥက္ကဋ္ဌဦးအောင်သော်က အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့၌ နိုင်ငံတော်အစိုးရမှချီးမြှင့်အပ်နှင်းသည့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အငြိမ်းစားအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အဖွဲ့ဝင်များက ဝန်ထမ်းလုပ်သက်နှစ်(၃၀)ပြည့်သူများ၊ အဖွဲ့အဆင့်နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ရုံးလုပ်ငန်းလက်စွဲရေးဖြေစာမေးပွဲတွင် ဆုရရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သည့်သင်တန်းများ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ နေပြည်တော်ဝန်ထမ်းအိမ်ခန်းသန့်ရှင်းသပ်ရပ်မှုဆုရရှိသူများ၊ မီးဘေးလုံခြုံရေးဆိုင်ရာမီးငြိမ်းသတ်စက်ကိုင်တွယ်အသုံးပြုခြင်း ကျွမ်းကျင်မှုစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့် ဝန်ထမ်းအဖွဲ့များနှင့် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ကိုယ်စားပြု လွန်ဆွဲ(အမျိုးသားအသင်း)တို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲဆုများချီးမြှင့်ကာ အဆိုပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




နေပြည်တော် မေ ၁

# ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် တပ်ကုန်းစာဖြေဌာနတွင် စာမေးပွဲကြီးကြပ်ရေး ဆရာတော်များနှင့် စာဖြေသံဃာ၊ သီလရှင်များအား ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဖူးမြော်ကြည်ညို



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် တပ်ကုန်းစာဖြေဌာန အောင်ဆန်းခန်းမ၌ အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုလျက်ရှိသော သံဃာတော်များနှင့် သီလရှင်များကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းစာဖြေဌာနရှိ အစိုးရဓမ္မာစရိယစာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာဖြေဌာနအတွက် နဝကမ္မအလှူငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းပြီး အစိုးရဓမ္မာစရိယစာမေးပွဲဖြေဆိုတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို တပ်ကုန်းစာဖြေဌာန၌ မတ်လ ၂၈ ရက်မှစတင်၍ ကျင်းပဖြေဆိုလျက်ရှိရာ ယနေ့ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာကျမ်း (ပထမနေ့)တွင် စာရင်းသွင်း ၈၉ ပါး၊ ဖြေဆို ၆၅ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ဝ၃ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၁

# တောင်ငူ-နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုအား ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထား အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ ယနေ့တွင် တောင်ငူ - နေပြည်တော် ရထားလမ်းပိုင်း မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှု၊ အဆိုပါရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဉ်ဝင်းများနှင့် ရထားလမ်းတံတားများ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တောင်ငူ-နေပြည်တော်ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေး အဆင့်မြှင့်တင်ပြုပြင်နေမှုအခြေအနေများကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးပြီး ရထားလမ်းကောင်းမွန်ရန်အတွက် ကျောက်ပါကင်ရိုက်ခြင်းသည် အဓိကကျအရေးပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် စနစ်တကျကျောက်ဖြည့်တင်း၍ Hand Tamping Machine အပြင် Automatic Leveling, Lining & Tamping Machine (ALLTM) စက်ကြီးများဖြင့် ကျောက်ပါကင်ရိုက်ခြင်းလုပ်ငန်းကို သေချာစွာဆောင်ရွက်ရန်၊ ကွေ့နေရာများတွင် Alignment နှင့် Super Elevations များမှန်ကန်မှုရှိစေရေး စနစ်တကျပြုပြင်ဆောင်ရွက်သွားရန်၊ Bolt & Nut များကောင်း/မကောင်း စစ်ဆေး၍ လဲလှယ်သွားရန်နှင့် တံတားများရှိလဲလှယ်ရန်ကျန်သည့်ဆွေးမြည့်နေသည့် သစ်သားဇလီဖားတုံးများ အမြန်လဲလှယ်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ငူမီးရထားတိုင်းရုံး၌ မြန်မာ့မီးရထားတိုင်းအဆင့်အရာထမ်းများနှင့် တွေ့ဆုံ၍ မိမိတိုင်းနယ်မြေအတွင်း ရထားမတော်တဆမှုများဖြစ်ပွားမှု လျော့နည်းပပျောက်စေရေးအတွက် ဝန်ထမ်းများမွမ်းမံသင်တန်းပေးခြင်း၊ Maintenance Manual များအတိုင်းပြုပြင်ထိန်းသိမ်းခြင်းများပုံမှန်ဆောင်ရွက်ခြင်း၊ Simi Mechanize စနစ်ဖြင့် ရထားလမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ ခရီးသွားပြည်သူများကို ဝန်ဆောင်မှုပေးရာတွင်လည်း Service Manual များအတိုင်းလိုက်နာဆောင်ရွက်ရန်၊ ဘူတာယာဉ်ဝင်းနှင့်ရထားလမ်းတစ်လျှောက်ရှိ ဌာနပိုင်ပစ္စည်းများပျောက်ဆုံး/ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေး ရထားရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်ဆွေးနွေးမှာကြားသည်။




ထို့ပြင် ရထားများဝင်ချိန်/ထွက်ချိန် မှန်ကန်စေရေး၊ ဘူတာများသန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာနားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးပုံမှန်ရှင်းလင်းဆောင်ရွက်သွားရန်၊ အိမ်ရာကြီးကြပ်ရေးအဖွဲ့ စနစ်တကျဖွဲ့စည်း၍ ပုံမှန်စစ်ဆေးပြီး ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်နှင့် မြန်မာ့မီးရထားရှိ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဝန်ထမ်းမိသားစုများ ပုံမှန်ဆေးကုသနိုင်ရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးသွားရန် တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှု”** ခေါင်းစဉ်ဖြင့် ၃-၄-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့် ပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော်  ဧပြီ  ၁

# နိုင်ငံတစ်ဝန်း သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကြောရှာဖွေစက်နှင့် ရေတွင်းတူးစက်ကျွမ်းကျင်စွာအသုံးပြုနိုင်ရေး သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးပိုလ်ချုပ်ဖြိုးသန့် တက်ရောက်



နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညိုနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ကျင်းပသည့် နိုင်ငံတစ်ဝန်း သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေကြောရှာဖွေစက်နှင့် ရေတွင်းတူးစက်ကျွမ်းကျင်စွာအသုံးပြုနိုင်ရေးသင်တန်းဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့သင်တန်းကိုတက်ရောက်လာကြသည့် ဝန်ထမ်းများအနေဖြင့် သန့်ရှင်းသော မြေအောက်သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ မြန်မာနိုင်ငံတွင် အနက် မီတာ ၁၀၀၀ (ပေ ၃၀၀၀) အထိ တူးဖော်အသုံးပြုနိုင်မည့် စက်ယန္တရားများဖြင့် ပထမဦးဆုံးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ရေကြောရှာဖွေရေးစက်၊ ရေတွင်းတူးစက်များကိုဝယ်ယူအသုံးပြု၍ ဝန်ထမ်းများအား ကျွမ်းကျင်ပညာရှင်များဖြင့် စာတွေ့၊ လက်တွေ့ပို့ချနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ရေရရှိရေးအတွက် လေ့ကျင့်သင်ကြားပေးသည့် ပညာရပ်များအပေါ် မူတည်၍ ဆက်စပ်အသုံးပြုမည့် ယာဉ်ယန္တရားများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချဆောင်ရွက်သွားနိုင်ရေး ကြိုးစားလေ့လာသင်ယူသွားကြရန် မှာကြားသည်။

ထို့နောက် သက်ဆိုင်ရာကုမ္ပဏီတာဝန်ခံက ရေကြောရှာဖွေရေးစက်နှင့် ရေတွင်းတူးစက် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး ဒုတိယဝန်ကြီးက သင်တန်းသားများကိုထောက်ပံ့ငွေများပေးအပ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေကြောရှာဖွေရေးစက်နှင့် ရေတွင်းတူးစက်သုံးပစ္စည်းကိရိယာများနှင့် နည်းပြများ၏ ရေတွင်းတူးစက်လက်တွေ့တူးဖော် သရုပ်ပြသနေမှုကို သင်တန်းသားများနှင့်အတူ ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံဆွယ်ကျေးရွာအုပ်စု မြသုခကျေးရွာအနီး အနောက်ပြက္ခရွေတောင်တော်ပေါ်တွင် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ပဥ္စမမြောက်စွယ်တော်မြတ်စေတီသို့ ဖောက်လုပ်ပြီးစီးခဲ့သည့် တောင်တက်မြေသားလမ်း ၄ မိုင်ပြီးစီးမှု၊ စွယ်တော်မြတ်စေတီပရိဝုဏ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများပြီးစီးမှုနှင့် ထပ်မံဆောင်ရွက်နေသည့်လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

---

နေပြည်တော်  ဧပြီ  ၁

# နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တို့ကြီးမှူး၍ နွေရာသီအခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သီတာဇင်၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနကြီးမှူးများနှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်က နေပြည်တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ၏သားသမီးများမှ အခြေခံပညာအလယ်တန်းနှင့် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချပြီး အသိပညာဗဟုသုတတိုးပွားစေရန်နှင့် ကွန်ပျူတာနည်းပညာအခြေခံ တတ်ကျွမ်းစေရန်ရည်ရွယ်၍ နွေရာသီအခြေခံကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံအတွက် အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူငယ်များဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

နွေရာသီအခြေခံကွန်ပျူတာသင်တန်းကို ဧပြီလ ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများ၏ သား/သမီးများမှ အခြေခံပညာအလယ်တန်းအဆင့် (Grade 8 & 9) ၄၃ ဦးနှင့် အခြေခံပညာအထက်တန်းအဆင့် (Grade 10 & 11 & 12) ၄၇ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၉၀ ဦးတက်ရောက်ကြကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ဒေသစိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းရပ်များကို ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

(သတင်းစဉ်)

---

နေပြည်တော်  ဧပြီ  ၁

# ၂၀၂၄ ခုနှစ် ဧပြီလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်းရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက် မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၁ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၂ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအတွင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၂ မီလီမီတာ မှ ၄၂ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄၃ မီလီမီတာမှ ၅၂ မီလီမီတာ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၃ မီလီမီတာမှ ၆၂ မီလီမီတာအတွင်းနှင့် နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၆၃ မီလီမီတာမှ ၇၃ ဒီဂရီဖာရင်ဟိုက်ခန့် အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီးရှိနိုင်ပါသည်။

(မိုး/၈၀)

နေပြည်တော် ဧပြီ ၁

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ လင်းခေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လင်းခေးမြို့နယ် ဟိုမိန်း-နားမွန်းလုံကျေးရွာသွားလမ်းပေါ်တွင် ပန်သပြေ ပေ ၃၀ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေကျပ် ၈၉ ဒသမ ၁၅၂ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။ ယင်းလုပ်ငန်းအား ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးကွပ်ကဲမှုအောက်ရှိ လင်းခေးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ လုပ်ငန်းရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ဟိုမိန်းမြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်မှ လူဦးရေ ၃၅၃၂ ဦးနှင့် ဒေသခံကျေးရွာသုံးရွာမှ လူဦးရေ ၉၅၀ ဦးတို့၏ လမ်းပန်းဆက်သွယ်သွားလာမှုပိုမိုကောင်းမွန်လာပြီး လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံများအနေဖြင့် များစွာဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၄၀/၆ မိုင်၊ အာမခံလမ်း ၃/၂ မိုင်၊ ကျောက်လမ်း ၂၅/၅ မိုင်၊ ကတ္တရာလမ်း ၁/၄ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၇/၂ မိုင်၊ ကွန်ကရစ်လမ်း ၂/၃ မိုင်၊ ကွန်ကရစ်တံတား ၁၂ စင်း၊ Box Culvert ၁၅၆ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းလေးခု၊ ကျောက်စီရေမြောင်းလုပ်ငန်းသုံးခု၊ မြေထိန်းနံရံလုပ်ငန်းတစ်ခု၊ အုတ်ခြံစည်းရိုးကာရံခြင်းတစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းလေးတွင်း၊ တန်ဖိုးနည်းအိမ်ရာတစ်လုံး၊ သာသနာရေးလုပ်ငန်း ၁၇ ခုနှင့် ဦးစီးဌာနလုပ်ငန်းသုံးခုအား စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၁၂၃၆ ဒသမ ၉၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၁-၄-၂၀၂၄

## ထူးခြားသည့် နေ့အပူချိန်များ

| | |
|---|---|
| ချောက် | ၄၅ ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၃ ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၃ ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၃ ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၃ ဒီဂရီဆဲလ်စီးယက် |

## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအား အောက်ဖော်ပြပါအတိုင်း တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - (၃-၄-၂၀၂၄)ရက်နေ့မှ (၂၅-၄-၂၀၂၄)ရက်နေ့အထိ (ရုံးချိန်အတွင်း)

(ခ) လျှောက်လွှာတင်သွင်းရမည့်ရက် - (၂၆-၄-၂၀၂၄)ရက်နေ့ (ရုံးချိန်အတွင်း)

(ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ထပ်မံကြေညာပါမည်

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး(၆၆)လမ်း၊ (၁၆×၁၉)လမ်းကြား၊ အောင်မြေသာစံမြို့နယ်တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ် ၀၉-၂၅၉၀၄၇၂၉၈၊ ၀၉-၆၆၃၅၆၃၁၂၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၄-၂၀၂၅)ခု ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စု/တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း/ရေအရင်းအမြစ်)မှ မိုးမတိုင်မီဆောင်ရွက်မည့် ရေဘေးကာကွယ်ရေးတာများ အခိုင်အမာပြုပြင်ခြင်း၊ ချောင်းကော၊ ရေနုတ်မြောင်းကောများတူးဖော်ခြင်း၊ ရေပေးမြောင်းများတူးဖော်ခြင်းနှင့်ရေတံခါးရွက်များအသစ်လဲလှယ်တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းတင်ဒါများနှင့် တည်ဆောက်ရေးသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန် လုပ်ငန်း/ပစ္စည်းတင်ဒါ | - (၄-၄-၂၀၂၄)ရက်နေ့မှ (၅-၄-၂၀၂၄)ရက်နေ့ထိ<br>- နံနက်(၉း၃၀)နာရီမှ ညနေ(၄း၃၀)နာရီထိ |
| (ခ) | တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန် လုပ်ငန်း/ပစ္စည်းတင်ဒါ | - (၁၀-၄-၂၀၂၄)ရက်နေ့မှ (၁၁-၄-၂၀၂၄)ရက်နေ့ထိ<br>- ညနေ(၄း၃၀)နာရီ နောက်ဆုံးလက်ခံပါမည်။ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် လုပ်ငန်း/ပစ္စည်းတင်ဒါ | - (၂၃-၄-၂၀၂၄)ရက်နေ့ နံနက်(၁၀း၀၀)နာရီ |
| (ဃ) | တင်ဒါလျှောက်လွှာရောင်းချ/ဖွင့်လှစ်မည့်နေရာ | - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။ |

၂။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာရှိ ရုံးနှင့်လုပ်ငန်းတည်ရှိရာ ပဲခူးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးမြို့သို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် ဖော်ပြပါရက်များပြောင်းလဲပါက ကြိုတင်၍ထပ်မံအသိပေးအကြောင်းကြားပါမည်။

မှတ်ချက်။ ။ တည်ဆောက်ရေးပစ္စည်းတင်ဒါတင်သွင်းခြင်းအတွက် (၂၀၂၄)ခုနှစ်အတွင်း စမ်းသပ်ထားသော ဓာတ်ခွဲခန်းအဖြေ(မူရင်း)များလိုအပ်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အငှားအိမ်ရာအဆောက်အဦတည်ဆောက်မည်ဖြစ်ပါသဖြင့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများမှာ-

Lot -1 ဘားအံမြို့ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်(၁)လုံး

Lot -2 (က) ဘားအံမြို့ ပြည်သူ့အငှားအိမ်ရာ(၃)ခန်းတွဲ (၅)ထပ် (၁)လုံး
(ခ) ဘားအံမြို့ ပြည်သူ့အငှားအိမ်ရာတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ ရေမြောင်းပြုလုပ်ခြင်း

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၄-၂၀၂၄

၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၂-၄-၂၀၂၄၊ (၁၆း၀၀)နာရီ

၄။ တင်ဒါရောင်းချ၊ တင်သွင်းရမည့်နေရာ - မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့

၅။ တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်ရက် - ၂၀၂၄ ခုနှစ်၊ ဧပြီလ စတုတ္ထပတ်အတွင်း (ဆက်သွယ်အကြောင်းကြားပါမည်။)

၆။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၈၉၀၄၀၁၄၊ ၀၅၈-၈၉၀၄၀၁၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
အောင်မျိုး(ဘ)ဦးကျော်ဒင် ၈/တတက(နိုင်) ၁၉၃၂၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၉၈၃၉၁၆၂**

### ပျောက်ဆုံးကြောင်း
မောင်လှဖုန်း(ဘ)ဦးလှသန်း ၁၂/ကမတ(နိုင်)၀၄၀၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 137246)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ကျော်ကျော်ထွန်း(ဘ)ဦးထွေးမောင် ၅/မရန(နိုင်)၁၆၂၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 578826)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
ဒေါ်ဇင်သုစိုး(ဘ)ဦးခင်မောင်စိုး ၆/ကရရ(နိုင်)၀၀၀၃၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 565987)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
စီအိုဆန်ကာ(ဘ)ဟာရီဟာရ် ၇/ဖမန(နိုင်) ၁၀၀၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဇင်မျိုးအောင်(ဘ)ဦးမြင့်လွင် ၇/ပခန(နိုင်) ၂၀၄၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
စိုးမြင့်ဦး(ဘ)ဦးခင်မောင်စိုး ၁၁/မပတ (နိုင်) ၁၂၀၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၀၂၀၆၈၉**

### ပျောက်ဆုံးကြောင်း
ဦးစောညွန့်(ဘ)ဦးကျော်ထွန်းအောင် ၁၁/စတန(နိုင်)၀၂၆၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 907319)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၂၆၃၈၇၆၀**

### ပျောက်ဆုံးကြောင်း
နန်းစောမေရီထွန်း(ဘ)ဦးမောင်မောင် ၁၂/လမန(နိုင်)၀၀၈၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 512314)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၄၆၀၂၄၈၂**

### ပျောက်ဆုံးကြောင်း
ရာဇာငွေစိုး(ဘ)ဦးကျော်ငွေ ၁၂/ကမန(နိုင်)၁၁၇၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 554247)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
သန်းစိုးလင်း(ဘ)ဦးဝင်းမြင့် ၇/ပခန(နိုင်) ၂၉၉၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 453661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၈၈၄၇၉၃၂**

### ပျောက်ဆုံးကြောင်း
ဦးမြင့်စိုး(ဘ)ဦးပန်းကျော် ၁၂/ကမရ(နိုင်) ၀၃၄၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## သက်ဆိုင်သူနှင့်အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်တွင်နေထိုင်သော ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ဦးသိန်းမင်းဦး(ဘ)ဦးခင်မောင်ရီ ၈/မဘန(နိုင်)၁၁၅၆၃၆ သည် ဒေါ်ကျော့ကျော့နိုင်အပေါ် ကျောက်ဆည်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ်-၂/၂၀၂၄၊ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုအား စွဲဆိုခဲ့ရာ (၂၂-၃-၂၀၂၄)ရက်နေ့တွင် ကျောက်ဆည်မြို့နယ်တရားရုံးတော်မှ ဦးသိန်းမင်းဦးမှာ လင်မယားကွာရှင်းခွင့်ဒီကရီအားရရှိခဲ့ပြီးဖြစ်၍ ဦးသိန်းမင်းဦးအနေဖြင့် ဒေါ်ကျော့ကျော့နိုင်နှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်ကျော့ကျော့နိုင်၏ ပါရင်းပစ္စည်း၊ ဦးသိန်းမင်းဦးနှင့် ဒေါ်ကျော့ကျော့နိုင် လင်မယားအဖြစ်ပေါင်းသင်းစဉ်ကာလတစ်လျှောက် ဖြစ်ထွန်းခဲ့သည့်လက်ထပ်ပွားပစ္စည်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းနှင့် မည်သည့်ငွေကြေးပစ္စည်းတစ်စုံတစ်ရာမျှ ဦးသိန်းမင်းဦးထံတွင် ကျန်ရှိခြင်းလုံးဝမရှိကြောင်းကို သက်ဆိုင်သူနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသိန်းမင်းဦး** | **ဒေါ်အေးသီရိအောင်(LL.B)** |
| **၈/မဘန(နိုင်)၁၁၅၆၃၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၆၉)** |
| | **အောက်ချိုင်းရပ်၊ ကျောက်ဆည်မြို့။** |

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါပြင်ဆင်ဖြည့်စွက်ခြင်း

၂၈-၃-၂၀၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မြဝတီသတင်းစာ၊ မြို့တော်သတင်းစာများတွင် ထည့်သွင်းခဲ့သည့် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ၌ပါရှိသည့်ပစ္စည်းများအနက် အမှတ်စဉ်(ခ)ပါ ကတ္တရာ(၁၀၀၀)တန် ဝယ်ယူခြင်းအစား ကတ္တရာ(၂၀၀၀)တန် ပြောင်းလဲဝယ်ယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးကျော်(ဘ)ဦးကျော်ဝင်း ၁၂/မဂဒ(နိုင်)၁၄၇၂၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ဇော်ပိုင်ထွဋ်(ဘ)ဦးစိုးနိုင် ၁၂/လသယ(နိုင်) ၁၀၈၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 524684)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၈၈၇၇၁၃၆**

### ပျောက်ဆုံးကြောင်း
ခင်လေးတင်(ဘ)ဦးတင်လေး ၁၂/မရက(နိုင်)၀၇၁၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 106308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၀၃၀၁၆၇**

### ပျောက်ဆုံးကြောင်း
နန်းစန်းရီဝင်း(ဘ)ဦးတင်အောင် ၁၃/ကမန(နိုင်)၀၉၁၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 517660)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၆၄၃၁၇၅၁**

### ပျောက်ဆုံးကြောင်း
စည်သူဟိန်း(ဘ)ဦးအောင်မြင့် ၁၂/တမန(နိုင်)၁၀၅၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 297406)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးကျော်(ဘ)ကျော်နိုင် ၁၄/ရကန(နိုင်)၁၆၆၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
နိုင်လင်းထွေး(ဘ)ဦးတင်ဦး ၂/လကန(နိုင်) ၀၇၇၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
နေမင်းစိုး(ဘ)ဦးတင်ဝင်း ၆/ကစန(နိုင်) ၀၈၀၉၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 783365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၄၉၁၃၅၉၆**

### ပျောက်ဆုံးကြောင်း
ဇင်ဝေဖြိုး(ဘ)ဦးမျိုးသန့် ၁၂/မဂတ(နိုင်) ၀၉၅၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈၁**

### ပျောက်ဆုံးကြောင်း
ငွေငွေရီ(ဘ)ဦးမောင်သန်း ၈/နမန(နိုင်) ၁၈၆၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 935662)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**


### ပျောက်ဆုံးကြောင်း
လွင်လွင်စိုး(ဘ)ဦးမောင်သန်း ၈/နမန(နိုင်) ၂၀၃၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 856287)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
ဇော်ဇော်အောင်(ဘ)ဦးသောင်းဝင်း ၇/သဝတ(နိုင်)၀၉၉၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၂၇၂၆၆၅၃**

နေပြည်တော် ဧပြီ ၁

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခဲ့





အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်စဉ်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အား ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ဆောင်ရွက်ခဲ့ကြပါသည်။

စစ်ဆင်ရေးကာလအတွင်း ၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်၊ မူဆယ်မြို့သို့ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်နေသည်ဟု သံသယရှိသူ တရုတ်နိုင်ငံသား ၃၅၂ ဦး (ကျား ၃၃၇ ဦး ၊ မ ၁၅ ဦး)နှင့် မြန်မာနိုင်ငံသား ၄၈၆ ဦးတို့အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ဖမ်းဆီးရမိသော တရုတ်နိုင်ငံသား ၃၅၂ ဦးကို တရုတ်နိုင်ငံ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်နှင်လွှဲပြောင်းပေးခဲ့ရာ ၃၀၀ ဦးကို ၂၉-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ၃၀ ဦးကို ၃၀-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ၂၂ ဦးကို ၃၁-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း မူဆယ်မြို့၊ မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်၊ မန့်ဝိန်းဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံရဲတပ်ဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းများတားဆီးတိုက်ဖျက်ရန်အတွက် အိမ်နီးချင်းနိုင်ငံများမှတရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၁

# တောင်ငူမြို့နယ်၊ ဆင်ဆိပ်ကျေးရွာအုပ်စု၊ ညောင်ကိုင်းတက္ကသိုလ်ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာမီးလောင်မှုဖြစ်ပွား



တောင်ငူမြို့နယ်၊ ညောင်ကိုင်းတက္ကသိုလ်ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာမီးလောင်ဆုံးရှုံးမှုကို တွေ့ရစဉ်။

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဆင်ဆိပ်ကျေးရွာအုပ်စု၊ ညောင်ကိုင်းတက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ၌ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ဘက်ထရီမီးချောင်းအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် ၁ စီး၊ ရေသယ်ယာဉ် ၂ စီးနှင့် အုပ်ချုပ်မှုယာဉ် ၁ စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် တက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ ၈ ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးမီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးလောင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူအား တောင်ငူမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၁

# PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာ ၂ ပါးအား အကြောင်းအမျိုးမျိုးပြကာ ဒလန်ဟုစွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်

NUG ၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ရာ မတ်လ ၂၈ ရက် နံနက် ၈ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မြိုက်ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တ ဥက္ကဋ္ဌ သက်တော် (၄၇) နှစ်၊ ဝါတော် (၂၅) ဝါအား PDF အမည်ခံအကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ ဓားဖြင့်ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် ခန္ဓာကိုယ်အပေါ်ပိုင်း ပြတ်ရှထိုးသွင်းဒဏ်ရာများဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

အလားတူ မတ်လ ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နတ်မောက်မြို့နယ်၊ မြင်းတဲကြီးကျေးရွာအနီးရှိ မှန်ခြေရင်းတောင်တောရကျောင်း၌ တစ်ပါးတည်းသီတင်းသုံးနေထိုင်သည့် ဆရာတော်ဘဒ္ဒန္တပညာစာရ သက်တော် (၅၅) နှစ်၊ ဝါတော် (၁၀) ဝါအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး မြင်းတဲကြီးကျေးရွာအနီးလမ်းပေါ်၌ တပ်မတော်ယူနီဖောင်းအင်္ကျီနှင့်ရဲတပ်ဖွဲ့ယူနီဖောင်းဘောင်းဘီတို့အား ဝတ်ဆင်စေကာ ဦးခေါင်းအား သေနတ်ဖြင့် ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသည်။ ယခုကဲ့သို့ သံဃာတော်များအား အကြောင်းမဲ့သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၁

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

၁-၄-၂၀၂၄

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၈၀၀၀ | ၃၄၀၀ | ၂၅၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၇၀၀ | ၁၃၅၀၀-၁၄၀၀၀ | ၃၇၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၁၅၀၀ | ၂၉၀၀၀ | ၂၄၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၃၇၀၀ | ၃၇၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၄၀၀၀-၄၅၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၀၀၀-၃၁၀၀ | ၁၇၀၀၀-၁၉၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၉၀၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၂၀၀ | ၄၃၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

နေပြည်တော် မေ ၁

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၇) နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ





ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၈၇) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်နှင့်ဖိတ်ကြားထားသည့် အထူးဧည့်သည်တော်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်ဒေသစာရင်းစစ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ ဝန်ထမ်းများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံ၏ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် တိုးတက်ကောင်းမွန်စေရေးကို ဦးတည်လျက် ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့သည့်ဥပဒေများနှင့်အညီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လာခဲ့သည်မှာ ယနေ့ ဧပြီလ ၁ ရက်တွင် (၈၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့ရုံးအနေဖြင့် အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် စစ်ဆေးရေးလုပ်ငန်းများကို ခေတ်စနစ်နှင့်ကိုက်ညီသည့် စစ်ဆေးရေးစံ၊ စစ်ဆေးရေးနည်းလမ်းများဖြင့် ပြောင်းလဲကျင့်သုံး စစ်ဆေးလျက်ရှိပြီး အထက်အဖွဲ့အစည်းများ၏တာဝန်ပေးမှုနှင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏မေတ္တာရပ်ခံမှုအရ စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတွင် စာရင်းပညာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုံမှန်ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများအပြင် ဘွဲ့လွန်ဒီပလိုမာအဆင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ - IFRS သင်တန်း၊ နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ-IPSAS သင်တန်း၊ ဌာနတွင်းစစ်ဆေးခြင်း သင်တန်းများစသည့်သင်တန်းအမျိုးအစားအသစ်များ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ သို့ပါ၍ ရုံးအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်၍ အဖွဲ့အစည်းမှချမှတ်ထားသည့် ကျင့်ဝတ်စံတန်ဖိုးများကို လိုက်နာပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်မှတ်တမ်းလွှာ Video Clip ဖွင့်လှစ်ပြသခြင်း၊ အထိမ်းအမှတ်သီချင်းဖြင့် သီဆိုဖျော်ဖြေခြင်းများဆောင်ရွက်ကြပြီး ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက နှစ်ပတ်လည်နေ့အထိမ်းအမှတ်အနေဖြင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲနှင့် ပိုစတာပြပွဲကိုလှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဆုများချီးမြှင့်ရွေးချယ်မှု Video Clip ကိုဖွင့်လှစ်ပြသပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်တို့မှ ဆုအမျိုးအစားအလိုက် ဆုရရှိသူ ၁၈၇ ဦးကို ဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြကာ ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြား၍ ဝန်ထမ်းများ၊ ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မေတ္တာဥယျာဉ်နေ့ကလေးထိန်းကျောင်း ရင်သွေးငယ်လေးများကဖျော်ဖြေခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းနှင့် တေးသီချင်းဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် မေ ၁

# MMQR (Digital Payment Switch) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် MMQR (Digital Payment Switch) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်းသည့်အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ကျင်းပသည်။

ယင်းအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်၍ MMQR (Digital Payment Switch) အကောင်အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ဘဏ်များမှ နည်းပညာဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ နည်းပညာပိုင်းဆိုင်ရာ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Payplus Co., Ltd.၊ BPC Ltd. နှင့် Adaman Capital Partners Co., Ltd. တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် MMQR (Digital Payment Switch) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ Project တွင်ပါဝင်ဆောင်ရွက်လျက်ရှိသည့် Payplus Co., Ltd .၊ BPC Ltd . နှင့် Adaman Capital Partners Co., Ltd. များမှ တာဝန်ရှိသူများအနေဖြင့် တညီတညွတ်တည်းပူးပေါင်းဆောင်ရွက်မှသာ ဗဟိုဘဏ်မှချမှတ်ထားသည့် စီမံကိန်းကို သတ်မှတ်ထားသည့်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ Application နှင့် Software Testing ပိုင်းဆိုင်ရာ တာဝန်ယူဆောင်ရွက်နေသည့် BPC Ltd. နှင့် Adaman Capital Partners Co., Ltd. တို့အနေဖြင့်လည်း သတ်မှတ်ချိန် (Timeline)အပေါ် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အလိုက် ပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တိကျမှန်ကန်စွာတင်ပြရန် လိုအပ်ပြီး စီမံကိန်းတွင်ပါဝင်သည့် အဖွဲ့ဝင်များမှလည်း အချင်းချင်းတညီတညွတ်တည်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ Payplus Co., Ltd. အနေဖြင့်လည်းကောင်း၊ နည်းပညာအဖွဲ့ဝင်များအနေဖြင့်လည်းကောင်း၊ ချိတ်ဆက်ပါဝင်ဆောင်ရွက်ကြမည့် ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့်လည်းကောင်း MMQR (Digital Payment Switch) နှင့် ချိတ်ဆက်နိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ရာ၌ ကြုံတွေ့နေရသည့်အခက်အခဲနှင့်အခြေအနေကိုတင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။





ထို့နောက် Payplus Co.Ltd. က Application အချင်းအချင်းအပြန်အလှန်ပေးချေမှုများကို Transaction အမျိုးအစားအလိုက် End to End Demonstration ပြသပြီး ဥက္ကဋ္ဌ၏ မှာကြားချက်အတိုင်း သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရန်အတွက် သကြၤန်ပိတ်ရက်များ အပါအဝင်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ လူအင်အားနှင့် အရင်းအမြစ်များ (Resource) ထည့်သွင်း၍ ဆောင်ရွက်နေပါကြောင်း၊ Develop ပြုလုပ်ရမည့် အပိုင်းများရှိသည့်အတွက် စီမံကိန်းပြီးဆုံးမည့်ကာလအား ၂၀၂၄ခုနှစ် ဩဂုတ်လကုန်အထိ သတ်မှတ်ပေးရန်လိုပါကြောင်း၊ ၎င်းကာလအတွင်း MMQR ဖြင့်ပေးချေမှုများအား အချင်းချင်းအပြန်အလှန်ချိတ်ဆက်နိုင်ရေးအတွက် Offline /Online Testing၊ Production နှင့် Network ပိုင်းဆိုင်ရာ၊ Cyber Security ပိုင်းဆိုင်ရာများ၊ Third Party Certification လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက MMQR (Digital Payment Switch Project)အတွက် SIT/UAT စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များမှ အတည်ပြုပြီးဖြစ်သည့်အတွက် သတ်မှတ်ထားသည့် အချိန်အတွင်း ပြီးစီးအောင်မဖြစ်မနေကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရန်၊ ယခု Project မှာ ASEAN Payment Connectivity နှင့်ဆက်စပ်နေသည့်အတွက် နိုင်ငံတော်အဆင့် Project ဖြစ်သည်နှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ စီမံကိန်းအားမြန်ဆန်စွာ ပြီးမြောက်အောင်ဆောင်ရွက်ရာတွင် အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းများပြီးစီးရန်အတွက် လိုအပ်သည့် လမ်းညွှန်ပေးမှုများ၊ လုပ်ငန်းစတင်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ/အားနည်းချက်များအား ညှိနှိုင်းဖြေရှင်းပေးမည်ဖြစ်သဖြင့် အချိန်မီတင်ပြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်း(၂၉)ခုအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)တွင် ၂-၄-၂၀၂၄ ရက်နေ့မှ ၂၃-၄-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၂၄-၄-၂၀၂၄ ရက်နေ့ တစ်ရက်တည်းသာ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇၃၄၀၄၀၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## မန္တလေးတိုင်းဒေသကြီး၊
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မြေကြီးလုပ်ငန်း (တူး၊ တင်၊ သယ်၊ ဖြန့်၊ ကြိတ်)အတွက် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၆ ဘီလမ်း၊ ၇၀×၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရယူရမည့်ရက် - (၁-၄-၂၀၂၄)မှ (၁၂-၄-၂၀၂၄)

(ခ) တင်ဒါသွင်းရမည့်နောက်ဆုံး ရက်/အချိန် - (၂၂-၄-၂၀၂၄)ရက်၊ (၁၆း၃၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၅-၄-၂၀၂၄)(ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - ၂၆ ဘီလမ်း၊ ၇၀×၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုနန္ဒာ(၄)လမ်း၊ အမှတ်(၅၀)နေ အဘ ဦးချစ်တင်၏သမီး ဒေါ်ချစ်ရင် (ခ)ဒေါ်မြစန္ဒာ ၁၂/ဥကမ(နိုင်)၀၆၈၃၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်ချစ်ရင်(ခ)ဒေါ်မြစန္ဒာ**

### ပျောက်ဆုံးကြောင်း

ဝင်းမင်းထွန်း(ဘ)ဦးတင်ဌေး ၁၂/တမန(နိုင်)၀၉၄၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၀၀၆၈၂၄**

### ပျောက်ဆုံးကြောင်း

ခင်သက်ပိုင်ဝင်း(ဘ)ဦးခင်ညွန့် ၁၀/ပမန(နိုင်)၁၃၂၇၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၉၃၉၅၇၇**

### ပျောက်ဆုံးကြောင်း

မျိုးမင်းလွင်(ဘ)ဦးသက်လွင် ၁၂/တမန(နိုင်)၁၄၃၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

## ပျောက်ဆုံးကြောင်း

ဒေါ်နီနီအေး(ဘ)ဦးကျော်အေး ၉/မနမ(နိုင်)၀၉၅၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 815962)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၅၁၁၁၂**

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ဇေယျာ(၂)ရပ်နေ မစန်းစန်းမြင့်(ဘ)ဦးအောင်ကြည် ၆/မမန(နိုင်)၁၁၄၃၂၁ ကိုင် ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၁၉၄၆၃၁**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နေပြည်တော်နည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူစက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)တွင် (၁-၄-၂၀၂၄) ရက်နေ့မှ (၂၃-၄-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၂၄-၄-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးမြင့်လွင် ၉/မထလ(နိုင်)၁၇၅၉၆၆၊ ဒေါ်ခင်ဖုန်းဆီ ၉/မထလ(နိုင်)၀၂၂၄၅၃ တို့၏သား မောင်ထက်အောင်လွင် ၉/ကပတ(နိုင်)၂၂၀၆၅၉ သည် မိဘနှစ်ပါး၏ဆိုဆုံးမစကားကို မနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် မောင်ထက်အောင်လွင်နှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်လွင်-ဒေါ်ခင်ဖုန်းဆီ**

**ဖခင် အမည်မှန်** မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ. ထ. က(ခွဲ)၊ အ. လ. က(၃) နဝမတန်းအောင် ကျောင်းဝင်အမှတ် ၀၂၆၁ မောင်နိုင်မင်းထွန်း၏ဖခင် ဦးဇော်၏ အမည်မှန်မှာ ဦးဖိုးဇော် ၈/တတက(နိုင်)၁၁၆၇၃၂ ဖြစ်ပါကြောင်း။ **ဦးဖိုးဇော်**

## ပျောက်ဆုံးကြောင်း

အိမ်မဲမြို့နယ်၊ ကညင်ကုန်းကြီးအုပ်စု၊ မြင်းကရွာနေ နော်ဘလူမူးစေး(ဘ) စောထူးဘလယ် ၁၄/အမန(နိုင်)၂၁၃၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 388969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၂၇၃၆၃၂**

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ဇေယျာ(၂)ရပ်နေ မအိအိခိုင်(ဘ)ဦးလှထွေး ၆/မမန(နိုင်)၁၉၄၀၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၁၉၄၆၃၁**

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်နေ မောင်ဖြိုးသီဟ(ဘ)ဦးတင်ထွန်း ၇/ပခန(နိုင်)၃၅၂၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 790261)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၀၂၄၄၉၃၉**

### ပျောက်ဆုံးကြောင်း

ဦးသိန်းရွှေ(ဘ)ဦးစံရွှေလှ ၁၁/မဥန(နိုင်)၀၂၅၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(864112)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**




## မန္တလေးတိုင်းဒေသကြီး၊
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု(ငွေလုံးငွေရင်း)၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း/သာမန်)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဆည်၊ ကန်၊ တာတမံပြုပြင်ထိန်းသိမ်းခြင်းနှင့်ရေနုတ်မြောင်းတူးဖော်ခြင်း စသည့်လုပ်ငန်းများအတွက် လိုအပ်သော ဒီဇယ်ဆီ(၁၅၇၀၀၀)ဂါလန်ခန့်အား (၁-၄-၂၀၂၄)ရက်နေ့မှစ၍ မြန်မာ(ကျပ်)ငွေ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများအား ၂၆ ဘီလမ်း၊ ၇၀×၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တွင် (၁-၄-၂၀၂၄) ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၈၁၊ ၀၂-၄၀၆၆၀၅၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ ရယူမည့်ရက် - (၁-၄-၂၀၂၄)မှ (၁၂-၄-၂၀၂၄)

(ခ) တင်ဒါသွင်းရမည့်နောက်ဆုံး ရက်/အချိန် - (၂၂-၄-၂၀၂၄)ရက်၊ (၁၆း၃၀)နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၅-၄-၂၀၂၄)(ခန့်မှန်း)

(ဃ) တင်ဒါဖွင့်မည့်နေရာ - ၂၆ ဘီလမ်း၊ ၇၀×၇၁ လမ်းကြား၊ ဆည်မြောင်းဧည့်ရိပ်သာ၊ မန္တလေးမြို့

**သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ်** - **(1) 1T(C/RB)/PROCUREMENT/REINFORCED STEEL BAR/2024-2025**
**(2) 1T(C/RB)/PROCUREMENT/P.C Wire & Accessories/2024-2025**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့်တံတားများတွင် အသုံးပြုရန်အတွက် သံချောင်းလုံးအရွယ်စုံ HRB-500(Deformed Bar)များနှင့် P.C Wire နှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်မြို့ရှိ တံတားလေးသိုလှောင်ဝင်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ)သိုလှောင်ဝင်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - (၃-၄-၂၀၂၄)ရက်နေ့(ရုံးချိန်အတွင်း)။

၃။ တင်ဒါပုံစံ ပိတ်သိမ်းမည့်ရက် - (၂၆-၄-၂၀၂၄)ရက်နေ့(ရုံးချိန်အတွင်း)။

၄။ (က) သံချောင်းလုံးနမူနာအား Lab သို့ နောက်ဆုံးပေးပို့ရမည့်ရက် - (၂၉-၄-၂၀၂၄)ရက်နေ့။

(ခ) P.C Wire နှင့် ဆက်စပ်ပစ္စည်းများ နမူနာနှင့် Mill Certificate နောက်ဆုံးပေးပို့ရမည့်ရက် - (၂၉-၄-၂၀၂၄)ရက်နေ့။

၅။ နမူနာသံချောင်းလုံးများ၏ Lab Test Result များ နောက်ဆုံးပေးပို့ရမည့်ရက် - (၃-၅-၂၀၂၄)ရက်နေ့။

၆။ တင်ဒါဖွင့်မည့်ရက် - (တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်အား အကြောင်းကြားပါမည်။)

၇။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၈။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ်(၁၁)နေပြည်တော်**
**၀၉-၉၅၁၆၀၀၆၈၈**

နေပြည်တော် ဧပြီ ၁

# ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း AMMONIUM NITRATE ၃၆ ဒသမ ၈၂ တန် ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း AMMONIUM NITRATE များနှင့်အတူ တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ်လ ၂၉ ရက်နေ့ နံနက် ၇ နာရီခွဲအချိန် မိုးညှင်းမြို့နယ်၊ ကြာကြီးကွင်းကျေးရွာအနီးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် နန့်ရင်းကျေးရွာ တောလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ၃ စီးနှင့် YANG FOND ၆ ဘီး မော်တော်ယာဉ် ၃ စီးတို့ကို စစ်ဆေးရာဖွေရာ ဝင်းဇော်၊ ထက်ဝေမိုး၊ ဇော်လင်းထွန်း၊ ညီလင်းအောင်၊ ဝေယံမြင့်၊ ငြိမ်းချမ်း၊ နန်အောင်၊ သန့်ဇင်ဦးနှင့် သောင်းဟန်ငြိမ်းတို့ ၉ ဦးအား ထိန်းချုပ်ဓာတုပစ္စည်း AMMONIUM NITRATE ၃၆ ဒသမ ၈၂ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

## မတ်လ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် | |
| ၁။ | ချောက် | ၃၁-၃-၂၀၂၄ | ၄၅. ၂ | ၁၁၃. ၄ | ၃၁-၃-၂၀၁၃ | ၄၅. ၀ | ၁၁၃. ၀ | ၅၆ |
| ၂။ | ဇောင်းတူ | ၃၁-၃-၂၀၂၄ | ၄၀. ၇ | ၁၀၅. ၃ | ၂၉-၃-၂၀၀၆ | ၄၀. ၆ | ၁၀၅. ၁ | ၃၇ |
| ၃။ | ရေး | ၃၁-၃-၂၀၂၄ | ၃၉. ၅ | ၁၀၃. ၁ | ၂၀-၃-၂၀၁၉ | ၃၉. ၄ | ၁၀၂. ၉ | ၆၀ |

(မိုး/ဇလ)

နေပြည်တော် ဧပြီ ၁

# အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)အား ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လေးထောင့်ပုံသံမဏိချောင်း ထုတ်လုပ်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ သံမဏိများအား လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း သံမဏိချောင်းများလျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ ကောင်းမွန်ရန်လိုအပ်၍ သံရည်ကျိုအလုပ်ရုံနှင့် အထောက်အကူပြုအလုပ်ရုံတို့ရှိ စက်ပစ္စည်းကိရိယာများအား စဉ်ဆက်မပြတ် စစ်ဆေးပြုပြင်ရန်၊ ထို့ပြင် စက်အရန်ပစ္စည်းများနှင့် ကုန်ကြမ်းများကိုလည်း လိုအပ်ချိန်တွင် အဆင်သင့်အသုံးပြုနိုင်ရေးအတွက် ကြိုတင်ဝယ်ယူထားရန်၊ သံမဏိချောင်းများ လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်ရန်၊ ဝန်ထမ်းများ သံမဏိထုတ်လုပ်သည့်နည်းစဉ်များကိုလည်း လုပ်ငန်းခွင်မပြတ် လေ့ကျင့်သင်ကြားပေးရန်၊ သံရည်ကျိုမီးဖိုများတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများကို ဖြည့်စွက်အစာများ ကျွေးမွေးသွားရန်၊ စက်ရုံ၊ စက်ပစ္စည်း၊ ဝန်ထမ်း၊ စာရွက်စာတမ်း၊ သတင်းလုံခြုံမှုရှိစေရေး အထူးအလေးထားဆောင်ရွက်သွားရန်၊ တွေ့ကြုံရမည့် အခက်အခဲများကို စုပေါင်းအားဖြင့် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်၊ စီမံကိန်းအဆင့်(၂)နှင့် စီမံကိန်းအဆင့်(၂-က) တို့ရှိ စက်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်အချိန်ဇယားများအတိုင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊ ပူပြင်းခြောက်သွေ့သော ရာသီဥတုသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ရေးဆွဲထားရှိသည့် မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများကို ပြည့်စုံအောင်ဖြည့်ဆည်းထားရန် မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် သံမဏိချောင်းများထုတ်လုပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **မတ်လ ၃၀ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၁၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၀၀)**ကို သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **မတ်လ ၃၁ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကျင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဆီသယ်ယာဉ်(၁)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၄၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၅၀၈၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Fuel Bowser (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၄၅၅၀၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၁ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ်၊ ဗျောတောဝရပ်ကွက်၌ လိုင်စင်မဲ့ Toyota Probox မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၀၀၀၀၀)နှင့် ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Wave မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁၉ ဒသမ ၇၆၀) တန်နှင့် စက်လှေ(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၄၁၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၁၄၁၂၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တန့်ဆည်မြို့နယ်၊ ကံထူးမကျေးရွာ၌ လိုင်စင်မဲ့ Kenbo 125 မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မတ်လ ၃၀ ရက်၊ ၃၁ ရက်နှင့် ဧပြီလ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၁၁၇၀၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
## (၆၁) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီပေါက်စဉ် ၂၀၂၄ ခုနှစ် ဧပြီလ (၁) ရက်နေ့

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**
ခ - ၁၆၁၈၈၈

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**
ဇ - ၇၇၂၇၁၂

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**
ဇ - ၃၇၅၅၉၄

**ဆုတစ်ဆုချင်း ကျပ်သိန်း (၅၀၀) ဆုများ**

| | |
|---|---|
| ဇ - ၂၇၅၃၉၆ | ဇ - ၄၉၄၂၁၈ |
| င - ၂၈၁၀၄၁ | ဇ - ၈၀၁၀၇၈ |

**ဆုတစ်ဆုချင်း ကျပ်သိန်း (၂၀၀) ဆုများ**

| | |
|---|---|
| ဇ - ၃၂၅၂၇၃ | ဃ - ၅၅၀၆၈၄ |
| ဈ - ၄၃၄၀၉၅ | ခ - ၆၆၂၉၆၂ |
| ဂ - ၄၆၅၅၃၇ | က - ၉၀၆၂၀၆ |
| ဈ - ၅၅၅၈၅၆ | |

**ဆုတစ်ဆုချင်း ကျပ်သိန်း (၁၀၀) ဆုများ**

| | | |
|---|---|---|
| င - ၁၇၇၃၂၃ | ဈ - ၅၁၂၄၅၆ | ဂ - ၈၄၄၅၄၀ |
| ဂ - ၂၂၄၉၇၁ | ခ - ၅၁၇၄၉၅ | ဃ - ၉၇၁၉၈၆ |
| ဃ - ၃၇၆၆၀၀ | င - ၆၁၈၄၇၆ | ခ - ၉၇၃၀၀၉ |

**ဆုတစ်ဆုချင်း ကျပ်သိန်း (၅၀) ဆုများ**

| | |
|---|---|
| ဇ - ၁၅၈၆၅၂ | ခ - ၃၉၄၄၆၈ |
| ဂ - ၁၇၉၀၂၉ | ဆ - ၄၀၆၆၂၄ |
| ဇ - ၂၀၉၄၀၀ | င - ၄၈၆၅၆၆ |
| က - ၂၉၃၉၆၉ | ခ - ၆၄၀၆၄၃ |
| ဈ - ၃၀၈၂၅၂ | ခ - ၆၄၉၈၇၇ |
| ဈ - ၃၃၃၁၀၀ | ဂ - ၈၅၀၅၀၃ |

**ဆုတစ်ဆုချင်း ကျပ်သိန်း (၂၀) ဆုများ**

| | | |
|---|---|---|
| ဇ - ၁၉၇၂၆၉ | ဃ - ၄၁၇၈၇၈ | ခ - ၅၂၀၆၃၀ |
| ဃ - ၂၃၂၇၅၉ | ဆ - ၄၂၉၆၈၂ | ဂ - ၆၈၄၇၃၈ |
| ဈ - ၂၅၅၅၃၈ | ဈ - ၄၃၄၂၉၉ | ဆ - ၆၉၅၈၉၄ |
| ခ - ၃၀၄၃၈၄ | ခ - ၄၇၇၈၅၁ | င - ၇၆၅၁၄၄ |
| ဂ - ၃၀၆၅၈၄ | ဆ - ၄၉၃၃၆၈ | ဈ - ၈၈၇၁၆၇ |
| ခ - ၃၀၉၈၇၁ | ဃ - ၄၉၈၇၂၄ | |

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | | |
|---|---|---|
| ခ - ၁၉၇၂၁၂ | ခ - ၆၃၁၂၉၇ | ဈ - ၇၆၅၁၂၇ |
| ခ - ၂၄၇၃၄၀ | ခ - ၆၄၆၄၁၉ | ဈ - ၇၆၇၂၄၉ |
| ဃ - ၂၅၁၃၉၆ | ဂ - ၇၀၄၄၄၄ | ခ - ၈၂၇၀၀၂ |
| ဂ - ၄၂၈၀၉၈ | ဇ - ၇၁၆၈၂၂ | ဂ - ၉၂၉၂၈၈ |
| ဈ - ၅၆၅၉၀၀ | ဂ - ၇၃၉၉၆၁ | |

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၃) သိန်းဆုများ (၃)ယူနစ်**

ဈ - ၅၀၂၆၀ ခ - ၆၅၅၄၀
ဃ - ၅၈၅၇၂

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၂) သိန်းဆုများ (၃)ယူနစ်**

ဃ - ၂၃၃၇ ဈ - ၇၅၆၀
ခ - ၃၅၉၃

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ် (၁) သိန်းဆုများ (၈)ယူနစ်**

| | | |
|---|---|---|
| ဈ - ၂၃၆ | ဂ - ၆၁၃ | ဆ - ၈၇၉ |
| ဇ - ၃၂၉ | ဇ - ၆၃၈ | ခ - ၉၀၁ |
| ဂ - ၃၈၀ | ခ - ၇၁၅ | |

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၅) သောင်းဆုများ (၃)ယူနစ်**

င - ၂၀ ဃ - ၈၃
ဈ - ၄၄

အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၁) သောင်းဆု (၁) ယူနစ်**

ခ - ၉

အက္ခရာနှင့် ရှေ့ဂဏန်း (၁) လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

### ဘဏ္ဍာသိမ်းရငွေမှ ပြန်လည်စီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| ဃ - ၃၇၁၃၂၈ | ဃ - ၅၄၈၅၇၇ |
| ခ - ၃၉၁၄၂၂ | ခ - ၈၂၆၇၂၅ |

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၃) သိန်းဆုများ (၂) ယူနစ်**

ဆ - ၂၂၂၅၅ ဃ - ၉၃၃၀၃

အက္ခရာနှင့် ရှေ့ဂဏန်း (၅) လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၂) သိန်းဆုများ(၂) ယူနစ်**

ဈ - ၁၅၉၃
က - ၄၁၇၆

အက္ခရာနှင့် ရှေ့ဂဏန်း (၄) လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ**
**ကျပ် (၁) သိန်းဆုများ (၂) ယူနစ်**

ဃ - ၅၇၁
ဂ - ၅၈၀

အက္ခရာနှင့် ရှေ့ဂဏန်း (၃) လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၄ ခုနှစ် ဧပြီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၆၁) ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ (၁၀၆၁၃၉) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်းကံထူးရှင် (၁၀၆၁၃၉) ဦးဖြစ်ပါသည်။

၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။

၃။ ၂၀၂၄ ခုနှစ် မေလ (၁) ရက်နေ့တွင်ဖွင့်လှစ်မည့် (၆၂)ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဈ) အက္ခရာထိ အက္ခရာ (၉) လုံးဖြစ်ပြီး ၎င်းအနက်မှ ၇၅ ရာခိုင်နှုန်းဖြစ်သော ထီလက်မှတ်အုပ်ရေ (၅၅၂၂၇၆) အုပ်ဖြစ်ပါသည်။

၄။ (၆၁) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဆုမဲများအနက် ကျပ် (၁၀) သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၂-၄-၂၀၂၄) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁-၄-၂၀၂၄) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆုထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-1907 PC 0040
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO CEMENT
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
PREMIUM QUALITY CEMENT
RHINO
PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
NET WEIGHT-50kg
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကိုထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးသကဲ့သို့ စည်းကမ်းကောင်းမွန်ရန်လည်းလိုအပ်...

❖ စည်းကမ်းကောင်းမွန်ခြင်းသည်လည်း အမိန့်နာခံမှုရှိခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ပေးအပ်လာသည့်တာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင်ထမ်းဆောင်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် မြဝတီစာပေတိုက်မှ ထုတ်ဝေလျက်ရှိသည့် တေဇရုပ်စုံစာစောင်နှင့်မိုးသောက်ပန်းဂျာနယ်တို့အား Amuze Webtoon Application တွင် ထည့်သွင်းခြင်းတို့ကို Digital နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဧပြီ ၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ဖွဲ့ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ●

